# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဉစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၃၅၀)


# မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဈေးရောင်းပွဲတော် ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ရှိ Yangon Convention Center ၌ ကျင်းပသည့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ဇနီး၊ ရန်ကုန်မြို့ရှိ သံတမန် နာယကဖြစ်သူ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး Mr. Pehin Dato Abdu'r Rahmani Dato Basir နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီး / ခင်ပွန်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (MAWFA)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်းတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ✤






မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မိန့်ခွန်းပြောကြားစဉ်နှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ဇနီး၊ ရန်ကုန်မြို့ရှိ သံတမန် နာယကဖြစ်သူ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး **Mr. Pehin Dato Abdu'r Rahmani Dato Basir** နှင့်ဇနီး၊ အာဆီယံနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ဧည့်သည်တော်များ တက်ရောက်ကြစဉ်။ သတင်းစဉ်

**"အနောက်ဘက်သို့ ခရီးသွားခြင်း" အပါအဝင် မြန်မာပရိသတ်များ အကြိုက်များသည့် တရုတ်ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများပြသမည်**


စာမျက်နှာ » ၈


**အမေရိကန်သမ္မတ ကိုယ်စားလှယ်လောင်းများ တတိယအကြိမ်စကားစစ်ထိုး**


စာမျက်နှာ » ၁၄


# ညောင်ရွှေရှိ တောင်ကတုံးနေရာများ၌ သစ်စေ့မြေလုံးများကို ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုး

**တောင်ကြီး စက်တင်ဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပံ့ပိုးကူညီမှု၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ စီစဉ်ဦးဆောင်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးမှုတို့ဖြင့် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်ရှိ သစ်ပင်ပေါက်ရောက်မှု မရှိသည့် တောင်ကတုံးများအနက် တောင်ကတုံး သုံးနေရာတွင် သစ်စေ့မြေလုံး (seed balls) များကို ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် အင်းလေးဟိုတယ်ဇုန်ဝင်း စက်လှေဆိပ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊


စာမျက်နှာ ၄ ကော်လံ ၁ ◆




ညောင်ရွှေမြို့နယ်ရှိ တောင်ကတုံးနေရာများတွင် သစ်စေ့မြေလုံးများကို ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးနေစဉ်။




# လူမှုကွန်ရက်တွင် ကျင်လည်ကြရာဝယ်

လွန်ခဲ့သည့် ၁၅ နှစ်က အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ် ကျောင်းသားတစ်ဦးနှင့် သူ၏သူငယ်ချင်းတစ်သိုက်တို့အကြားတွင် အွန်လိုင်းမှတစ်ဆင့် ဓာတ်ပုံနှင့် လိပ်စာမှတ်တမ်းကလေးများကို မျှဝေသုံးစွဲခဲ့ကြစဉ်က ၎င်းသည် မကြာတော့မည့် အနာဂတ်တွင် ကမ္ဘာနှင့်ချီ၍ ပျံ့နှံ့သုံးစွဲလာကြလိမ့်မည်ကိုလည်းကောင်း၊ အိုင်တီနည်းပညာ မဟာကုမ္ပဏီကြီးများဖြစ်ကြသည့် အမေဇုန်၊ အက်ပဲလ်၊ ဂူဂဲလ်တို့နှင့်အပြိုင် ဖေ့စ်ဘုတ်လူမှုကွန်ရက် ကုမ္ပဏီကြီးဖြစ်လာမည်ကိုလည်းကောင်း မျှော်လင့်မထားမိခဲ့ကြဟုဆိုသည်။ လက်ရှိအခြေအနေတွင်မူ ဖေ့စ်ဘုတ်သည် ကမ္ဘာ့အကြီးဆုံးသော လူမှုကွန်ရက်ကြီးအဖြစ် ရပ်တည်နေပြီဖြစ်ပြီး တည်ထောင်သူ မတ်က်ဇတ်ကာဘတ်သည်လည်း ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ဘီလီယံနာ ဖြစ်နေပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စု တက္ကသိုလ်ပရိဝုဏ်များနှင့် ကျောင်းသားကျောင်းသူများအကြားတွင် စတင်ခဲ့သည့် ဖေ့စ်ဘုတ်သည် ပိတ်ပင်ထားသည့် နိုင်ငံအချို့မှလွဲ၍ ကမ္ဘာတစ်ခွင်၌ သုံးစွဲနေကြရာ ၂၀၁၉ ခုနှစ်၏ ဒုတိယသုံးလပတ်အတွင်း၌ ပုံမှန်သုံးစွဲသူဦးရေ ၂ ဒသမ ၄၁ ဘီလီယံရှိနေပြီး နေ့စဉ်နှင့်အမျှလည်း တိုး၍တိုး၍ နေသည်ဟုဆိုသည်။ ဖေ့စ်ဘုတ်၏ မူလရည်ရွယ်ချက်က မိတ်ဆွေအချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွင် နည်းပညာဖြင့် အထောက်အကူပြုပေးခြင်းပင်ဖြစ်သည်။ မိမိ၏ ခံစားချက်ကို ထုတ်ဖော်ခြင်း၊ ထင်မြင်ချက်နှင့် ယုံကြည်ယူဆချက်တို့ကို တင်ပြခြင်း၊ အတွေ့အကြုံနှင့် ဗဟုသုတတို့ကို မျှဝေခြင်း၊ ဝါသနာတူသူချင်း ဆွေးနွေးဖလှယ်ခြင်း စသည့် မြောက်မြားလှစွာသောလူမှုဆက်ဆံရေးတို့ကို အချိန်အခါ၊ နေရာဒေသအကွာအဝေးတို့ကိုကျော်လွန်၍ ပြုလုပ်နိုင်ကြသည်။ ဖေ့စ်ဘုတ်လူမှုကွန်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ပါက အဖိုးမဖြတ်နိုင်သော ရတနာသိုက်သဖွယ်ပင်ဖြစ်သကဲ့သို့ တလွဲအသုံးချခြင်းနှင့် အဆင်ခြင်မဲ့၊ ပညာကင်းမဲ့စွာသုံးပါကလည်း ပင်ဒိုရာအိုးကို ဖွင့်မိသည့်နှယ် ကြောက်မက်ဖွယ်အန္တရာယ်ဆိုးများနှင့်လည်း ကြုံရနိုင်သည်။

ဖေ့စ်ဘုတ်သည် ပေါင်းသင်းဆက်ဆံရေးအတွက် နည်းပညာဖြင့် ဖန်တီးပေးထားသည့် နယ်ပယ်သစ်တစ်ခုဖြစ်သလို သတင်းအချက်အလက်များကို အမြန်ဆုံးရယူနိုင်သည့် မီဒီယာတစ်ခုလည်းဖြစ်နေသည်။ ရပ်ထဲ ရွာထဲ၊ လုပ်ငန်းခွင်ထဲတို့တွင် အစဉ်အလာအားဖြင့် တည်ရှိသည့် လူမှုဆက်ဆံရေး၌ ကျင့်ဝတ်နှင့်ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုတို့ရှိသလို သမားရိုးကျမီဒီယာများတွင်လည်း ကျင့်ဝတ်နှင့် စံနှုန်းများရှိကြသည်။ ဖေ့စ်ဘုတ်တွင်မူ ဤကဲ့သို့မဟုတ်တော့။ ဖေ့စ်ဘုတ်ပေါ်မှ ပေါင်းသင်းဆက်ဆံရေးသည် အစစ်အမှန်လောကမှ ကျင့်ဝတ်နှင့် ယဉ်ကျေးမှုတို့ဖြင့် ထိန်းကွပ်ထားသည့် ပေါင်းသင်းဆက်ဆံရေးနှင့် မတူညီဘဲကွာခြားမှု၊ ဆန့်ကျင်မှုများရှိသလို ဖေ့စ်ဘုတ်ပေါ်မှရရှိလာသည့် သတင်းအချက်အလက်များကိုလည်း သတိထား၍ စိစစ်မှုများ ပြုလုပ်ရန် လိုအပ်လာသည်။ ဖေ့စ်ဘုတ်ပေါ်မှ ဓာတ်ပုံ၊ အမည်နေရပ်၊ အလုပ်အကိုင်၊ ပညာအရည်အချင်း၊ အချက်အလက်များသည်လည်းကောင်း၊ ဆက်သွယ်ဆက်ဆံပြောကြားမှုများ၊ မျှဝေမှုများ၊ ဖြန့်ချိမှုများကို ဟုတ်မဟုတ်၊ မှန်မမှန်၊ မည်သည့်ရည်ရွယ်ချက်၊ ဖြစ်လာနိုင်သည့် အကျိုးဆက်များ စသည်ဖြင့် ဆင်ခြင်ရန်၊ ခွဲခြမ်းစိတ်ဖြာရန် လိုအပ်လာသည်။ တစ်ဖက်တွင်လည်း မိမိတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းတတ်ဖို့လည်း လိုအပ်လာသည်။

စင်စစ်အားဖြင့် ဖေ့စ်ဘုတ်သည် လူသန်းပေါင်းများစွာ နေထိုင်ကြသည့် မီဂါမြို့ကြီးတစ်မြို့သဖွယ်လည်း ဖြစ်သည်။ မြို့ကြီးထဲတွင် လေ့လာစရာ၊ လည်ပတ်စရာ၊ ပျော်ရွှင်စရာ နေရာအများအပြားသို့ လေ့လာလည်ပတ်ပျော်ရွှင်နိုင်သည်။ အချို့နေရာများက မသွားသင့်၊ အန္တရာယ်ရှိသည်။ မည်သို့ပင်ဖြစ်စေ မြို့ကြီးသူ မြို့ကြီးသားပီသဖို့ဆိုလျှင် စမတ်ဖြစ်ဖို့လိုသည်။ ဥပမိရုပ်ရှိရမည်။ ဤနေရာတွင် အပေါ်ယံအသွင်အပြင်ထက် အရည်အချင်းကိုသာ ဆိုလိုခြင်းပင် ဖြစ်သည်။ မြို့ကြီးသူ မြို့ကြီးသားဟူသည် တုံးအ,နေ၍မရ။ အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှု၊ နှောင့်ယှက်မှုများကို ရှောင်ရှားနိုင်စွမ်း ရှိရသည်။ အကောင်းဆုံး တုံ့ပြန်နိုင်စွမ်းရှိရသည်။ ယဉ်ကျေးရသည်။ မရိုင်းရ။ ဖေ့စ်ဘုတ်သည် ခေတ်မီလူမှုဆက်ဆံရေးနယ်ပယ်တစ်ခုအဖြစ်နှင့် နေ့စဉ်လူမှုဘဝတွင် နေရာယူလာနေသော်လည်း အစစ်အမှန်လောကမဟုတ်သည့်အလျောက် ဆိုးသွမ်းသူ၊ ဖောက်ပြန်သူ၊ ရိုင်းပျသူတို့ အကြိုက်တွေ့ကြသည့် နေရာဖြစ်နေသည်။ လူမျိုးရေး၊ ဘာသာရေး အမုန်းပွားစေဖို့ လှုံ့ဆော်ဘေးတီးကြသည်။ ယောကျ်ား၊ မိန်းမ စသည့်လိင်ကွဲပြားမှုများအပေါ်၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် ကျန်းမာရေးချို့တဲ့သူများအပေါ် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တိုက်ခိုက်ခြင်း၊ လိင်ကိစ္စနှင့် အဖော်အချွတ်များကို အတားအဆီးမဲ့ထုတ်လွှင့်ခြင်းများလည်း ပြုလုပ်ကြသည်။

မည်သို့ပင်ဆိုစေလူမှုကွန်ရက်ဟူသည် လူသားတို့၏ ဆက်ဆံရေးနယ်ပယ်ပင်ဖြစ်သည့်အတွက် ကျင့်ဝတ်များနှင့် စံနှုန်းများရှိသည်သာပင်ဖြစ်သည်။ ထို့အပြင် တရားဥပဒေဖြင့် တားဆီးကန့်သတ်ထိန်းချုပ်မှုများလည်း ရှိနေသည်ကိုသတိချပ် ကြရမည်။ အထူးသဖြင့် လူမှုကွန်ရက်သုံးစွဲကြရာတွင် မိမိတို့ကိုယ်တိုင်ကတင်ပြခြင်းအပြင် အခြားသူတို့၏ တင်ပြချက်များကို ထပ်ဆင့်ဖြန့်ဝေခြင်း၊ ထောက်ခံခြင်း စသည့်အပြုအမူများအားလုံး၌ သတိနှင့် ဆင်ခြင်တုံတရားတို့ ထာဝစဉ်မပြတ် စွဲကပ်ထားရန်ဟူ၍သာ နှိုးဆော်လိုပါကြောင်း။ ။




### ယူနီကုဒ်ဆိုတာ ဘာလဲ

- ယူနီကုဒ်ဆိုသည်မှာ တိုင်းရင်းသား ဘာသာစကားများအပါအဝင် တစ်ကမ္ဘာလုံးရှိ ဘာသာစကားအများစုကို ကွန်ပျူတာစနစ်အားလုံးတွင် ရေးသားဖတ်ရှုနိုင်ရန်၊ အပြန်အလှန် တွဲဖက်အသုံးပြုနိုင်ရန်နှင့် အခြားအဆင့်မြင့် စွမ်းဆောင်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သတ်မှတ်ထားသော နိုင်ငံတကာ စံချိန်စံညွှန်း တစ်ခုဖြစ်ပါသည်။
- မြန်မာယူနီကုဒ်စနစ်သည် နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့အစည်း(ISO)၏ ISO/IEC 10646 စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး မြန်မာစာရေးထုံးနှင့်လည်း ကိုက်ညီသည့် စနစ်တစ်ခု ဖြစ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

### ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း၊
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နှင့် ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း၊
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီ

**လေးမျက်နှာ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၃ အုပ်စု၌ ကျေးရွာပေါင်း ၂၈၄ ရွာရှိရာ ယခုအခါ အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေး စီမံချက်အရ နှစ်မိုင်အတွင်းရှိ ကျေးရွာပေါင်း ၁၂ ရွာအနက် ကျေးရွာရှစ်ရွာမှာ နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသော လျှပ်စစ်မီးကို ရရှိအသုံးပြုနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးဝင်းလှိုင်က ပြောသည်။



လေးမျက်နှာ မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိရေးအတွက် ပင်မလျှပ်စစ်ဓာတ်အားလိုင်း အနီးအဝေးကိုခွဲပြီး ပထမအဆင့်တွင် နှစ်မိုင်အတွင်းရှိ ကျေးရွာ ၁၂ ရွာတို့ကို လျှပ်စစ်မီးလင်းရေး လုပ်ဆောင်ပေးလျက်ရှိရာ ပထမအဆင့်တွင်ပါဝင်သည့် ကျေးရွာ ၁၂ ရွာအနက် ကျေးရွာရှစ်ရွာတွင် လျှစ်စစ်မီးရရှိပြီဖြစ်သဖြင့် ကျေးရွာနေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာသကဲ့သို့ ကျေးရွာများတွင် လုပ်ကိုင်လျက်ရှိသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများမှာလည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

လေးမျက်နှာမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၂၈၄ ရွာအား လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဟသ်ာတ ဓာတ်အားခွဲရုံမှတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ဖြန့်ခွဲပေးပို့လျက်ရှိရာ ယခုအခါ မီးရနေသော ကျေးရွာများအပြင် ကျန်ရှိနေသော ကျေးရွာများတွင်လည်း အမြန်ဆုံးမီးလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူးရုံးမှ သိရသည်။

**ရွှေမိုး(လေးမျက်နှာ)**

## မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၄**

မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၄ ရက် ညနေ ၂ နာရီက သမိုင်းဝင် ဖောင်တော်ဦးစေတီတော်အနီး ကန်ရေပြင်နှင့် စေတီတော်မုခ်ဦးအနီး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကိုကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် အုတ်နဲ့ဘုတ်ဇာတိသွေးအသင်းအား လူးခင်းကြီးအသင်းက လည်းကောင်း၊ အငယ်တန်းပြိုင်ပွဲတွင် အုတ်နဲ့ဘုတ်ဇာတိမာန်အသင်းအား အင်းပက်လက် စတားမောင်မောင်အသင်းကလည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။ အဆိုပါပြိုင်ပွဲတွင် အကြီးတန်း၌ ဒုတိယ အုတ်နဲ့ဘုတ်ဇာတိသွေး၊ တတိယ အုတ်နဲ့ဘုတ်ဝါးတန်းအောင်ခန့်၊ အငယ်တန်း၌ ဒုတိယ အုတ်နဲ့ဘုတ်ဇာတိမာန်၊ တတိယ နွားစမ်းတောင်ရင်သွေးငယ်(ခ)တို့ ဆုရရှိကြသည်။ ဂုဏ်ပြုဆုငွေများ၊ ဆုဖလားနှင့် ဆုတံဆိပ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ စေတီတော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်ထွေးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အဆိုပါ (၁၃၆)ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို တော်သလင်းလဆန်း ၈ ရက်မှ တော်သတင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပခဲ့ပြီး အကြီးတန်း ခြောက်သင်း၊ အငယ်တန်း စာရင်းပေး ၂၂ သင်း၊ ၂၁ သင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

### နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများလှူဒါန်း




**ရန်ကုန် စက်တင်ဘာ ၁၄**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် ကံ့ကော်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသာသနက အလှူတော် ငွေကျပ်သိန်း ၅၀၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဇေယျဝတီပရိယတ္တိစာသင်တိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တကောသလ္လက အလှူတော်ငွေကျပ်သိန်း ၂၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ရေပူရွာ ဓမ္မပါလကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာနန္ဒက အလှူတော်ငွေကျပ် ၁၀ သိန်းနှင့် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁)ရပ်ကွက် ရွာမကျောင်းလမ်းနေ ဦးစန်းရွှေ-ဒေါ်မာလာမြင့်၊ သမီး မဇူးဇူးပိုင် (Myint Universal Co., Ltd)က အလှူတော်ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်ပြောကြားထားသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် လှူဒါန်းသည့်အလှူငွေများကို လက်ခံရယူစဉ်။** သတင်းစဉ်

# သတ္တမအကြိမ်မြောက် အာရှဒေသ ကာကွယ်ဆေးညီလာခံ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ထင်ရှားကျော်ကြားသော တက္ကသိုလ်များ၊ အဖွဲ့အစည်းများမှ ပညာရှင်များနှင့် နိုင်ငံပေါင်း ၃၁ နိုင်ငံမှ ကိုယ်စားလှယ် ၃၀၀ ခန့်နှင့် ပြည်တွင်းမှ ဆေးပညာရှင် ၄၀၀ ခန့် တက်ရောက်သော သတ္တမအကြိမ်မြောက် အာရှဒေသ ကာကွယ်ဆေးညီလာခံ (The 7th Asian Vaccine Conference) ကို ယနေ့ နံနက်ပိုင်းတွင် Hotel Lotte ၌ ကျင်းပသည်။

ရှေးဦးစွာ အာရှ-ပစိဖိတ်ဒေသ ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့ (Immunization Partners of Asia Pacific- IPAP)၏ ဥက္ကဋ္ဌ Professor Emeritus Lulu Bravo က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ညီလာခံဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစောဝင်းက မိတ်ဆက်စကား ပြောကြားသည်။

**ထူးခြားသော ညီလာခံကြီးတစ်ခုဖြစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဤညီလာခံကြီးသည် ထင်ရှားကျော်ကြားသော နိုင်ငံတကာတက္ကသိုလ်အဖွဲ့အစည်းများမှ သုတေသနသိပ္ပံပညာရှင်များ၊ ကာကွယ်ဆေးဆိုင်ရာပညာရှင်များ၊ ကလေးအထူးကုဆရာဝန်များ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် မန်နေဂျာများ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ ကာကွယ်ဆေးနှင့် ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများ၊ လုပ်ငန်းနယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များစွာပါဝင်သော ထူးခြားသော ညီလာခံကြီးတစ်ခုဖြစ်ကြောင်း။

ကာကွယ်ဆေးနှင့် ပတ်သက်သော နည်းပညာနှင့် အသိပညာဆိုင်ရာ ဖြစ်ထွန်းတိုးတက်ပြောင်းလဲမှုများကို ဆွေးနွေးမျှဝေကြမည်ဖြစ်၍ တက်ရောက်လာသူ အားလုံးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ဤညီလာခံကြီးနှင့်အတူ "အာရှနိုင်ငံများမှ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မန်နေဂျာများအစည်းအဝေး"နှင့် "ညီလာခံအကြိုအလုပ်ရုံဆွေးနွေးပွဲ" နှင့် "ကာကွယ်ဆေးဗေဒဆိုင်ရာ အဆင့်မြင့်သင်တန်း (Vaccinology Master Course)"ကို ပူးတွဲကျင်းပရုံသာမက ပင်မညီလာခံကြီးတွင်လည်း နိုင်ငံပေါင်း ၁၅ ခုမှ ထင်ရှားကျော်ကြားသော ပညာရှင် ၅၅ ဦးက Plenary Lectures, Symposia နှင့် Panel discussion များဖြင့် ဆွေးနွေးဟောပြောကြမည်ကို သိရှိရပါကြောင်း။

ယခုကဲ့သို့ အသိဉာဏ်ပညာဆိုင်ရာ နှီးနှောဖလှယ်ဆွေးနွေးပွဲကြီးသို့ တက်ရောက်လာကြသူများအနေဖြင့် တတ်နိုင်သမျှ ကြိုးစားအားထုတ်လေ့လာကြရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံ ကလေးဆေးပညာအဖွဲ့ (Myanmar Paediatric Society)၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်၊ ဆေးသုတေသနဦးစီးဌာနနှင့် ဆေးတက္ကသိုလ်များမှ တာဝန်ရှိသူများအနေဖြင့် ဤညီလာခံသို့ တက်ရောက်လာသော နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များမှ ပညာရှင်များနှင့် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သတ္တမအကြိမ်မြောက် အာရှဒေသ ကာကွယ်ဆေးညီလာခံတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**အားဖြည့်သင်ကြားရန်လိုအပ်**

ကာကွယ်ဆေးဗေဒပညာနှင့် ကိုယ်ခံအားနှင့် ရောဂါပိုးစနစ်ဆိုင်ရာ ပညာရပ်များနှင့်ပတ်သက်၍ ဆေးတက္ကသိုလ်များတွင် လက်ရှိသင်ကြားနေမှုအတိုင်းအတာကို ပြန်လည်သုံးသပ်၍ လိုအပ်ပါက အားဖြည့်သင်ကြားရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေးအတတ်ပညာနှင့် နည်းပညာဆိုင်ရာ နိုင်ငံတကာသင်တန်းများသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်း။

ခိုင်မာအားကောင်းသော ကမ္ဘာ့လူမှုအသိုင်းအဝန်းကြီးတစ်ခု ဖြစ်လာစေရေးအတွက် ကာကွယ်ဆေးပညာရှင်များ၊ ကိုယ်ခံအားနှင့် ရောဂါပိုး စနစ်ပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ သိပ္ပံပညာရှင်များ၊ လူမှုကျင့်ဝတ်ပညာရှင်များ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများအပါအဝင် မိမိတို့အားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနမှ မူဝါဒချမှတ်သူများအနေဖြင့် ကာကွယ်ဆေးအသစ်များ စတင်ထည့်သွင်းထိုးနှံခြင်းဆိုင်ရာ မဟာဗျူဟာများ၊ ကာကွယ်ဆေးဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများ၊ ကာကွယ်ဆေးများဝယ်ယူဖြန့်ဖြူးခြင်း၊ ဈေးနှုန်းအကဲဖြတ်ခြင်းနှင့် ဘဏ္ဍာရန်ပုံငွေ ခွဲဝေအသုံးပြုခြင်း၊ ကာကွယ်ရေးဆိုင်ရာမူဝါဒများ စသည်တို့ကို ဘက်စုံစဉ်းစားဆုံးဖြတ်ရန် လိုအပ်ကြောင်း၊ ဤကဲ့သို့မှန်ကန်စွာ စဉ်းစားဆုံးဖြတ်နိုင်ရန်အတွက် ဤညီလာခံတွင် တက်ရောက်လာသူ ပညာရှင်အမျိုးမျိုးမှ သင့်လျော်မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များကို ပေးအပ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

**စုပေါင်းကြိုးပမ်းဆောင်ရွက်**

ဤကမ္ဘာပေါ်တွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားမှု နည်းပါးကင်းစင်စေနိုင်သည့် အတိုင်းအတာအထိ လူထုတစ်ရပ်လုံးကို ရောဂါကူးစက်မှုမှ ကာကွယ်ခုခံနိုင်သောစွမ်းအားကို မြှင့်တင်ပေးနိုင်ရန် မိမိတို့အားလုံး စုပေါင်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ပြောကြားသည်။

အဆိုပါညီလာခံကို Plenary Lectures ငါးခု၊ Symposia ခုနစ်ခု၊ Panel Discussion နှစ်ခု၊ Industry Sponsored Symposia လေးခုတို့ ပါဝင်ပြီး စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်အကိုင်အခွင့်အလမ်း ၃၁၀၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြု



**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ရှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇၄၅ သန်းနှင့် ငွေကျပ် ၁၆၃၃၀၂ ဒသမ ၇၅၃ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၁၅၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း ၅၀ တို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၆ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၅၉၇ ဒသမ ၇၄၃ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။ **သတင်းစဉ်**

✤ *ရှေ့စာမျက်နှာမှ*

ထို့ပြင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)၊ ဝိသာခါ ဖောင်ဒေးရှင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ ဝေမျှမေတ္တာလူမှုကူညီရေးအဖွဲ့၊ နိုင်ငံတကာ ယဉ်ကျေးမှုနှင့် ချို့ငဲ့သူများအကူအညီပေးရေးအဖွဲ့(ICCG)၊ မြန်မာနိုင်ငံ ယုဝတီခရစ်ယာန်အသင်း (YWCA) လူမှုကူညီရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**မိန့်ခွန်းပြောကြား**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် သံတမန်နာယကဖြစ်သူ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး Mr. Pehin Dato Abdu'r Rahmani Dato Basir က အာဆီယံနိုင်ငံများကိုယ်စား မိန့်ခွန်းပြောကြားသည်။

**ပိုမိုတိုးတက်ခိုင်မြဲစေရန်ရည်ရွယ်**

အာဆီယံ၏ မတူကွဲပြားသောယဉ်ကျေးမှု၊ အစားအစာနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ဖော်ထုတ်ပြသရန်၊ ပြည်သူများအကြား အာဆီယံဆိုင်ရာအသိအမြင်ဗဟုသုတများ တိုးမြှင့်ရန်နှင့် အာဆီယံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုတိုးတက်ခိုင်မြဲစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်းနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော်တွင် ပြသထားသော ပြခန်းများကို ကြည့်ရှုကြစဉ်။** သတင်းစဉ်

အဆိုပါ ဈေးရောင်းပွဲတော်ကို ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဈေးရောင်းပွဲတော်၌ အာဆီယံနိုင်ငံများ၏ မတူကွဲပြားသော ထွက်ကုန်ပစ္စည်းများနှင့် ရိုးရာအစားအစာများ၊ လက်မှုအနုပညာပစ္စည်းများနှင့် လက်ဝတ်ရတနာများ၊ ရိုးရာအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ ဈေးရောင်းပွဲတော်မှ ရရှိသည့်ငွေများကို တစ်ကိုယ်ရေ မိခင်နှင့် ကလေးများအတွက် ဖွင့်လှစ်ထားသည့် ဂေဟာများနှင့် အိမ်ရာမဲ့လေလွင့်ကလေးငယ်များ၏ ပညာရေးကို အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ဈေးရောင်းပွဲတော်ကို အများပြည်သူ ကြည့်ရှုလေ့လာဝယ်ယူနိုင်ရန် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ရှိ Yangon Convention Center ၌ စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအုပ်စု ကွင်းအမှတ် ၂၈၀၀ ရှိ တောင်သူ ဦးဘိုသန်း၏ ပေါ်ဆန်းရင် စပါးစိုက်ကွင်းသို့ရောက်ရှိကြပြီး စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှု၊ ဆည်ရေရရှိမှုအခြေအနေ၊ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများနှင့် ဝင်ငွေအကျိုးအမြတ်များကို မေးမြန်းဆွေးနွေးရာ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် လိပ်ချင်းကျေးရွာရှိ စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း ရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံသည်။

**တွက်ခြေကိုက်သည့်သီးနှံများရွေးချယ်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ မိမိတို့နိုင်ငံတွင် သက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးထုတ်လုပ်မှုပုံစံကို ပြောင်းလဲကျင့်သုံးနိုင်မှသာ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် မုတ်သုံ အဝင်နောက်ကျပြီး အထွက်စောမည်ဖြစ်သည့်အတွက် ဆည်များ မိုးရေဝင်ရောက်မှုလျော့နည်းမည်ဟု ခန့်မှန်းထားပါကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံအပါအဝင် ဆည်ရေလှောင်တမံများ ရေသိုလှောင်နိုင်မှုလျော့နည်းနိုင်ကြောင်း၊ နှစ်စဉ် ရေဧက ၂၈ သိန်းခန့် သိုလှောင်နိုင်ခဲ့သည့် သဖန်းဆိပ်ရေလှောင်တမံသည် လက်ရှိအချိန်အထိ ရေဧက ခြောက်သိန်းခန့်သာ သိုလှောင်နိုင်သည့်အခြေအနေတွင် မိုးသီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သော်လည်း လာမည့် ဒုတိယသီးနှံအတွက် ရေလိုအပ်ချက်နည်းပြီး တောင်သူတွက်ခြေကိုက်သည့် သီးနှံများရွေးချယ်စိုက်ပျိုးနိုင်ရေးကို သက်ဆိုင်ရာဌာနများက တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီး နည်းပညာနှင့် အကူအညီများ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တောင်သူများက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်းရှိ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ ၇ အမြန်ဆုံး ရရှိစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စုပေါင်းဆောင်ရွက်ခြင်းအလေ့အထကို ပိုမိုအားထုတ်ကြစေလိုကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်၊ ရေမြေရာသီဥတုအခြေအနေ၊ ဈေးကွက် စသည်တို့အပေါ် တောင်သူအချင်းချင်းညှိနှိုင်းပြီး တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထုတ်လုပ်ခြင်း၊ စုပေါင်းသိုလှောင်ခြင်း၊ စုပေါင်းရောင်းချခြင်းဖြင့် ဈေးကွက်ကို တောင်သူများကိုယ်တိုင်က ထိန်းချုပ်လုပ်ကိုင်ခြင်းကို ပြောင်းလဲနိုင်မှသာ တောင်သူများမျှော်လင့်သည့် အကျိုးအမြတ်ကို ရရှိစေနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒေသခံတောင်သူများက လယ်ယာကဏ္ဍဆိုင်ရာလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အသီးသီးတင်ပြကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် အသားတင်စိုက်ပျိုးမြေဧရိယာ ၄၆၁၀၀၇၅ ဧက (ဧက လေးဆယ့်ခြောက်သိန်းကျော်)ရှိပြီး ယခုနှစ် မိုးသီးနှံအဖြစ် မိုးစပါး ၁၂၈၂၉၅ ဧက၊ ပဲမျိုးစုံ ဧက ၉၇၉၂၁၀ နှင့် ဆီထွက်သီးနှံအပါအဝင် သီးနှံစုံ ၄၂၉၆၅၉၇ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့စာမျက်နှာမှ*

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်းများ၊ အင်းလေးကန်မှ တောင်သူများ၊ ဒေသခံပြည်သူလူထုများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြက ညောင်ရွှေမြို့အရှေ့ဘက် လွယ်ခေါ့(အင်း)ကျေးရွာအနီး၊ အင်းနီကျေးရွာအနီး၊ အင်းလေးအရှေ့သစ်တောကြိုးဝိုင်းအတွင်းရှိ အမြင့်ပေ ၆၆၀၂ ပေရှိ တောင်ကတုံး၊ အနောက်ဘက် ထီးလှိုင်ကျေးရွာအနီး အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောအတွင်းရှိ အမြင့်ပေ ၄၉၉၉ ပေရှိ တောင်ကတုံးများတွင် သစ်စေ့မြေလုံး (seed balls) များဖြစ်သော မဲဇလီ၊ မယ်ဇယ်၊ ကုက္ကို၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ဘောစကိုင်း၊ သဘော်တည်၊ ယင်းတိုက်၊ ဘုမ္မရာဇာ၊ စစ်၊ ယင်းမာ၊ စွယ်တော်၊ မန်ကျည်း၊ မန်ဂျန်ရှား၊ သစ်အယ်၊ အော်ရီးရှား၊ ချယ်ရီ၊ နံ့သာဖြူ၊ ညောင်၊ ခါတော်မီ စသည့် အပင်မျိုးစေ့များထည့်၍ ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (seed balls)များကို ကြဲချစိုက်ပျိုးပေးသွားမည့်အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထူးအုပ်စုကုမ္ပဏီမှ ရဟတ်ယာဉ်ဖြင့် ဒေသမျိုးရင်းများ အပါအဝင် သစ်မျိုး ၂၀၊ သစ်စေ့မြေလုံး (seed balls) တစ်သိန်းကျော်ကို တောင်ကတုံးများပေါ်သို့ ကြဲချစိုက်ပျိုးပေးသည်။ တောင်ကတုံးများတွင် သစ်တောသစ်ပင်များ ဖြစ်ထွန်းလာပါက အင်းလေးကန်၏ အလှအပကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ကောဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ကောဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ကမ္ဘောဇရိပ်သာ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၉ ခုနှစ် နှစ်ဆန်းမှစ၍ ယခု ဩဂုတ်လအထိ ရုပ်ရှင်ရိုက်ကူးမှုအတွက် လုပ်ငန်းစဉ်များ၏ အရွေ့သည် အတော်လေးသွက်လက်လာပြီ၊ အသက်ဝင်လာပြီ၊ လုပ်ငန်းရုပ်လုံးများ ပေါ်လွင်လာပြီဟု ဦးစွာပထမ ပြောကြားလိုကြောင်း၊ ဤအရွေ့တစ်ခုအထိ ရောက်ရှိလာခြင်းသည် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကြောင့်ပင် ဖြစ်ကြောင်း၊ အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပခြင်း၊ အပြန်အလှန်ပြောဆိုဆွေးနွေးကြခြင်း၊ ပြောဆိုဆွေးနွေးမှုများကို အနီးစပ်ဆုံးအခြေအနေတစ်ခုရောက်အောင် လက်တွေ့သဘောသက်ဝင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်သည် ယနေ့ရောက်ရှိ ရရှိနေသည့်အခြေအနေပင်ဖြစ်ကြောင်း။

**တိုင်းပြည်အတွက် စံပြအတုယူစရာ ဖြစ်ရပ်မှန်ဇာတ်ကား**

ဤရုပ်ရှင်ဇာတ်ကားနှင့်ပတ်သက်ပြီး စေတနာကို အရင်းခံ၍ လည်းကောင်း၊ ဝေဒနာကိုအရင်းခံ၍လည်းကောင်း ထင်မြင်ချက်၊ ယူဆချက်၊ သုံးသပ်ချက်မျိုးစုံကို မိမိတို့ နှစ်ပေါင်းများစွာ ကြုံတွေ့ဖြတ်သန်းခဲ့ကြရကြောင်း၊ အထင်ကြီးခြင်း၊ အထင်သေးခြင်းဟူသော လောကသဘာဝအမြင်မျိုးစုံနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း၊ သို့ရာတွင် ခွန်အားတစ်ရပ်ကို ဖြစ်စေကြောင်း၊ မိမိတို့သည် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ထိုက်တန်သည့် ဂုဏ်ပုဒ်ဖြစ်ရမည်၊ တိုင်းပြည်အတွက် စံပြအတုယူစရာ သမိုင်းဖြစ်ရပ်မှန် ဇာတ်ကားဖြစ်ရမည်ဆိုသည့် ပန်းတိုင်တစ်ခုတည်းကို ယုံကြည်ချက်နှင့် မမိုတ်မသုန် ကြံ့ကြံ့ခံဖြတ်သန်းခဲ့ကြသည့်အတွက် ယနေ့ယင်းအခြေအနေမျိုးကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အစိုးရတစ်ရပ် ဝန်ကြီးဌာနတစ်ခုက တာဝန်ယူပြီး ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုလုပ်ငန်းသည် ရှေးယခင်ကတည်းက ရှိခဲ့ဖူးကြောင်း၊ ရည်ရွယ်ချက်၊ ဦးတည်ချက်များ ကွဲပြားခဲ့ကြသော်လည်း ဌာနဆိုင်ရာ၏အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်များအတွင်းက ဆောင်ရွက်ရသည့်သဘော သဘာဝနှင့် အနုပညာရှင်များ၏ တက်ကြွလွတ်လပ်စွာ ဉာဏ်ကွန့်မြူး ဖန်တီးနိုင်ခွင့်များကို အချိုးညီညီ ပေါင်းစပ်ဆောင်ရွက်ရသည့် မတူညီသည့် သဘောသဘာဝများမှာမူ ခေတ်တိုင်းတွင် အမြဲတမ်းတူညီလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ၏ လုပ်ငန်း သဘာဝဆိုသည်မှာ လုပ်ငန်းတစ်ခုကို သတ်မှတ်အချိန်ကာလတစ်ခုအတွင်းတွင် တွက်ချက်လျာထားပြီးသား ဘဏ္ဍာငွေကြေးနှင့် ပြီးစီးအောင် အလေအလွင့်မရှိအောင် ဆောင်ရွက်ရသည့်အနေအထားမျိုးဖြစ်ကြောင်း၊ အနုပညာ၏ သဘောသဘာဝက အချိန်ယူကြံဆလေ၊ အတွေးအကြံဉာဏ်ကွန့်မြူးမှု ကျယ်ပြန့်လေ၊ စိတ်အေးလက်အေး ဖိအားနည်းနည်းနှင့် ဆောင်ရွက်ရလေ၊ အနုပညာမြောက်လေဖြစ်ကြောင်း၊ ထို့ကြောင့် မတူညီသည့် သဘောသဘာဝများ အပြန်အလှန်ယုံကြည်နားလည်မှုနှင့် ဆောင်ရွက်ရခြင်းများသည် နှစ်ဖက်စလုံးအတွက် အလွန်သတိထား ဆောင်ရွက်ခဲ့ကြရသည့် အနေအထားမျိုးဖြစ်ကြောင်း။

**တာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှုအထောက်အကူဖြစ်**

ယခုအခါ ယင်းအခြေအနေများအားလုံးကို မိမိတို့ နားလည်မှုရှိရှိနှင့် ကျော်လွှားနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုအခါတွင် ယင်းရုပ်ရှင်ဇာတ်ကားရိုက်ကူးရေး၏ အင်အားတစ်ရပ်ဟု ယုံကြည်သတ်မှတ်ထားသည့် ကာကွယ်ရေးဝန်ကြီးဌာနက အဆင့်ဆင့်သော တာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှုကလည်း မိမိတို့အတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း၊ ဝတ်စုံဒီဇိုင်းပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကလည်း နှစ်ထောင်းအားရ ကျေနပ်စရာဖြစ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆက်သွယ်ဆောင်ရွက်ပေးမှုများကလည်း ရိုက်ကူးရေးအတွက် များစွာအထောက်အကူဖြစ်စေခဲ့ကြောင်း၊ ယင်းကဲ့သို့ ကိုယ်နှင့်သက်ဆိုင်သည့် ထောင့်အသီးသီးမှ တွေးတောကြံဆ ပေါင်းစပ်ဖြည့်ဆည်းပေးနေကြသည့် ပညာရှင်များ၏ စေတနာစွမ်းဆောင်မှုများကလည်း နှစ်ထောင်းအားရစရာ ဖြစ်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံချိန်တွင် အကြံပြုချက်အရ ဂျပန်နိုင်ငံတွင်ရှိသည့် ဗိုလ်မှူးကြီး ဆူဇူကီး၏ အိမ်နှင့်ကျေးလက်ဒေသရှုခင်းများကို ထည့်သွင်းရိုက်ကူးနိုင်ရန်အတွက် ဒါရိုက်တာ ဦးလူမင်းနှင့် ဦးစိုးကျော်ဆန်းတို့ ၂၀-၈-၂၀၁၉ ရက်မှ ၂၄-၈-၂၀၁၉ ရက်အထိ သွားရောက်လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ အတွေ့အကြုံများစွာကိုလည်း ရရှိခဲ့မည်ဟု ယုံကြည်ကြောင်း။

အစည်းအဝေးများကို အကြိမ်ကြိမ်ဖိတ်ခေါ် ကျင်းပခဲ့သော်လည်း ယခု နောက်ပိုင်းကျင်းပမည့် အစည်းအဝေးများ၏ အနှစ်သာရသည် အလုပ်သဘော ပိုမို သက်ဝင်လာပြီဖြစ်ကြောင်း၊ အလုပ်သဘောသက်ဝင်သည့် ဆွေးနွေးချက်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကို သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် အတုယူစရာ အားကျစရာ ဆင်ခြင်တွေးတောစရာများနှင့် တန်ဆာဆင်ပြီး အနုပညာသဘောအရ ရသလည်းမြောက်အောင် အားထုတ်ကြိုးပမ်း ရိုက်ကူးလိုခြင်း၏ အဓိက ရည်ရွယ်ချက်သည် သမိုင်းတစ်ခုကို မှတ်တမ်းပြုရုံသက်သက်မျှမဟုတ်ဘဲ နောင်လာလတ္တံ့သော တိုင်းပြည်၏ အနာဂတ်ပေါင်းများစွာတွင် ဗိုလ်ချုပ်အောင်ဆန်းပေါင်း များစွာ ပေါ်ထွန်းရေးအတွက် ရည်မှန်းပါကြောင်း တိုက်တွန်းပြောကြားသည်။

**ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြ**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက ရိုက်ကူးထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ Red Radiance Digital Cinema Solutions မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးမင်းက ကင်မရာနှင့် ဆက်စပ်မှုပစ္စည်းများ ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

“အောင်ဆန်း” ရုပ်ရှင်စတင်ရိုက်ကူးမည့် အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ကောဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (Bamboo Learning and Exchange Platform ) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဝါးအလုပ်ရုံဆွေးနွေးပွဲသည် ဝါးသယံဇာတ၏ အရေးပါပုံကို ဆက်စပ်ပတ်သက်သူများ၊ ပြည်သူများ ပိုမိုသိမြင် နားလည်လာစေနိုင်ရန် ရည်ရွယ်ကျင်းပသည့်အတွက် မြန်မာနိုင်ငံ၏ ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် ဆွေးနွေးပွဲတစ်ခု ဖြစ်ပါကြောင်း၊ ယနေ့ ဝါးသယံဇာတအရင်းအမြစ်ကို လေ့လာကြည့်မည်ဆိုလျှင် ကမ္ဘာပေါ်တွင် ဝါးမျိုးစုပေါင်း ၇၅ မျိုး၊ ဝါးမျိုးစိတ်ပေါင်း ၁၂၅၀ ခန့် ပေါက်ရောက်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပေါက်ရောက်ကြောင်း၊ မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၂ မျိုးရှိသည့်အနက် အပြည်ပြည်ဆိုင်ရာ ဝါးနှင့်ကြိမ်ကွန်ရက်အဖွဲ့ (International Network for Bamboo and Rattan-INBAR)၏ စံချိန်စံညွှန်းများအရ စီးပွားရေးအရ အသုံးဝင် ဝါးမျိုးစိတ် ၁၈ မျိုးခန့်ရှိကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း။




ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ဝါးတောဧရိယာ တတိယအများဆုံး ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် စီးပွားဖြစ်ဝါး အဓိကထုတ်လုပ်နိုင်သည့် ဧရိယာများအဖြစ် ပဲခူးရိုးမ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသဆိုသည့် ဒေသကြီး သုံးနေရာသတ်မှတ်ထားပြီး ဝါးတောဧရိယာ စုစုပေါင်းဟက်တာ ၁၇၈၃၈၀၀ ရှိပါကြောင်း၊ သစ်တောဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝါးထုတ်လုပ်မှု စာရင်းအရ နှစ်စဉ်ပျမ်းမျှ ဝါးတောထွက် ၆၃ ဒသမ ၂ သန်း ကျော်ရှိပါကြောင်း၊ ဝါးမျိုးစိတ်များသည် သစ်တောအမျိုးအစားများနှင့် သစ်တောအခြေအနေပြောင်းလဲမှု၏ အညွှန်းကိန်း Indicator တန်ဖိုးများဖြစ်ပါကြောင်း။

ဘက်စုံအသုံးဝင်သည့် သဘာဝသယံဇာတ တစ်မျိုးလည်းဖြစ်ပါကြောင်း၊ စားသုံးစရာ၊ လယ်ယာနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ လူတို့နေထိုင်ရန် အဆောက်အဦ စက်မှုကုန်ကြမ်းအဖြစ် အသုံးဝင်သကဲ့သို့ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်တွင်လည်း များစွာအထောက်အကူပြုသည်ကို တွေ့ရှိရပါကြောင်း၊ ဝါးပင်များ၏ အမြစ်အဖွဲ့အစည်းသည် ခိုင်ခံ့ကျစ်လျစ်သည့်အတွက် မြေဆီလွှာတိုက်စားမှုနှင့် သဘာဝဘေးအန္တရာယ်များကိုလည်း အကာအကွယ်ပေးပါကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံတွင် ဝါးသယံဇာတသည် အလွန်ပေါများပြီး ကျေးလက်ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အလွန်အထောက်အကူပြုလျက်ရှိပါကြောင်း၊ ယခုအခါ ဝါးအခြေခံအိမ်တွင်းမှုသုံး ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ပြီး အခြားတန်ဖိုးမြှင့် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း ဝါးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် သဘာဝဝါးတောများ စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဝါးတောများကို ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်း လုပ်ငန်းသာမက ဝါးစိုက်ခင်းများ တည်ထောင်ပြီး ဝါးစိုက်ခင်းများကို စနစ်တကျ စီမံအုပ်ချုပ်ခြင်းဖြင့်လည်း ဝါးသယံဇာတများ စဉ်ဆက်မပြတ်အသုံးချနိုင်မှုကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ ဝါးမျိုးပျိုးထောင်ခြင်း၊ ဝါးစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝါးစိုက်ခင်းစီမံအုပ်ချုပ်ခြင်း၊ ဈေးကွက်ဝင် ဝါးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးဆိုင်ရာ အသိပညာများ၊ အတတ်ပညာများ ပြန့်ပွားမှုဝေဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာရှိကြီးများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားများ၊ သုတေသီများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့စာကြည့်တိုက်များ အသွင်ပြောင်းဖို့ဆိုလျှင်

အေးမြင့်အောင်

**ခေတ်သမိုင်းတစ်ခုကို ချဉ်းကပ်လေ့လာဖို့ဆိုလျှင် ကြောင်းကျိုးညီညွတ်မှုတသော ဆင်ခြင်တုံတရားအပေါ်အခြေခံ၍ သုံးသပ်သိမြင်နိုင်မှသာ ပကတိအရှိတရားနှင့် နီးစပ်နိုင်မည်ဟုဆိုကြသည်။ တစ်နည်းအားဖြင့် မျက်မှောက်ခေတ် ဖြစ်တည်ရှင်သန်လာမှုများသည် ကြောင်းကျိုးမဲ့စွာ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ အတိတ်သမိုင်းကြောင်းနှင့် ဆက်စပ်ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်ဟု သိနားလည်မိသည်။**

မကြာသေးမီက ပြည်သူ့စာကြည့်တိုက်များ အသွင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ဆွေးနွေးပွဲများ တွေ့မြင်ကြားသိခဲ့ရသည်။ ယင်းဆွေးနွေးပွဲများက ခေတ်အဆက်ဆက် အေးခဲလုဆဲဆဲဖြစ်နေသော ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍကို လှုပ်နှိုးပေးနေသလို ခံစားမိသည်။ ပြည်သူလူထုနှင့် အလှမ်းဝေးနေသလိုဖြစ်နေသည့် စာကြည့်တိုက်များကို ပြန်လည်နိုးထအသက်ဝင်လိုစိတ်ဖြင့် အားမလိုအားမရ ဆွေးနွေးပြောဆိုခဲ့ကြသည်ကိုလည်း တွေ့ရသည်။



### ပြည်သူ့စာကြည့်တိုက်များ အခြေအနေ

ခေတ်အဆက်ဆက် လေ့လာကြည့်ပါက မြန်မာနိုင်ငံ၏ စာကြည့်တိုက်ယဉ်ကျေးမှုနှင့် စာဖတ်သည့်ဓလေ့များသည် အိမ်နီးချင်းနိုင်ငံများထက် ရှေးကျခဲ့သည်ဟု ဆိုနိုင်သည်။ သို့ရာတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးစနစ် အမျိုးမျိုးကြားတွင် စာကြည့်တိုက်များ၏အခန်းကဏ္ဍ မှေးမှိန်လျော့ပါးကာ ပြည်သူများ၏ စာဖတ်သည့်အလေ့အထများ အားလျော့ပျောက်ကွယ်ခဲ့ရသည်။ ၁၉၂၄ ခုနှစ်မှစ၍ **"မြန်မာပြည်ပညာ ပြန့်ပွားရေးအသင်း"**ကို ဖွဲ့စည်းကာ စာကြည့်တိုက်လှုပ်ရှားမှုများ စတင်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက် စာဖတ်အသင်းချုပ်ကြီး တည်ထောင်၍ စာဖတ်ကြရန် လှုံ့ဆော်မှုများ၊ ၁၉၅၂ မှ ၁၉၅၆ ထိ နယ်လှည့်လူထုပညာပေးယာဉ်များတွင် ရုပ်ရှင်ပြစက်၊ အသံချဲ့စက်၊ ကြက်ခြေနီသေတ္တာနှင့် နယ်လှည့်စာအုပ်သေတ္တာများ၊ အားကစားပစ္စည်းများတင်ဆောင်၍ ပြည်သူလူထုအား စာပေဖတ်ရှုလေ့လာရန် စည်းရုံးဆောင်ရွက်ခဲ့မှုများမှာ အလွန်အားရစရာကောင်းလှသည်။

သို့ရာတွင် ၁၉၆၄ ခုနှစ် စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးတော့ဘဲ မှေးမှိန်အားလျော့သွားခဲ့ရသည်။

### ၁၉၆၄ စာကြည့်တိုက်ဥပဒေဆိုသည်မှာ

ကိုလိုနီခေတ်မှစ၍ အရှိန်ရလာသည့် စာကြည့်တိုက် ယဉ်ကျေးမှုဓလေ့သည် ၁၉၆၄ ခုနှစ် စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းပြီးနောက်ပိုင်း၌ အရှိန်လျော့ကျလာသည်ဟုဆိုရမည်။ တော်လှန်ရေးကောင်စီလက်ထက်တွင် ရေးဆွဲခဲ့သည့်ဥပဒေဖြစ်သဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးထက် ဆိုရှယ်လစ်စနစ်အား အထောက်အကူပြုနိုင်ရေးကိုသာ ဦးတည်ရေးဆွဲနိုင်ခဲ့သည်။

ထို့ကြောင့် ယင်းဥပဒေသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေးကို အထောက်အကူမပြုဘဲ စာကြည့်တိုက်များထိန်းချုပ်နိုင်ရေးကိုသာ ဆောင်ရွက်ပေးသည့် ဥပဒေအဖြစ် စာကြည့်တိုက်မှူး အများစုက နားလည်လက်ခံထားကြသည်။ အထူးသဖြင့် ယင်းဥပဒေပါ စာကြည့်တိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ရပ်ကွက်ကျေးရွာများရှိ စာအုပ်အငှားဆိုင်ငယ်များပါ အကျုံးဝင်နေခြင်း၊ စာကြည့်တိုက် အသင်းဝင်များ၏ အမည်နှင့် နေရပ်လိပ်စာများကို အသေးစိတ်ဖော်ပြရခြင်း၊ စာကြည့်တိုက်ရှိ စာအုပ်စာတမ်းအရေအတွက်ကို အသေးစိတ်ဖော်ပြရခြင်း၊ ပြစ်ဒဏ်များတွင် ထောင်ဒဏ်များပါဝင်သတ်မှတ်ထားခြင်းတို့ကြောင့် စာကြည့်တိုက်များ ဖွင့်လှစ်ရေးကို တားဆီးဟန့်တားကာ ဝန်ထုပ်ဝန်ပိုး ဖြစ်ပေါ်စေခဲ့သည်။

ယင်းဥပဒေ၏ အကျိုးဆက်ကြောင့် မြန်မာနိုင်ငံတွင် စာကြည့်တိုက်ယဉ်ကျေးမှု ဆိတ်သုဉ်းကာ စာဖတ်သည့်ဓလေ့များ အားနည်းလျော့ပါးခဲ့ရသည်ဟု ဆိုရမည်။ ယခုအခါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ပြည်သူ့စာကြည့်တိုက် ဥပဒေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေးဆွဲနေပြီဖြစ်သည့်အတွက် ယင်းဥပဒေအား မကြာမီပြန်လည် ရုပ်သိမ်းရတော့မည်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ၁၉၆၄ ခုနှစ် စာကြည့်တိုက်ဥပဒေ၏ အားနည်းချက်များကို သင်ခန်းစာယူ၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူပြုနိုင်သော ပြည်သူ့စာကြည့်တိုက်ဥပဒေများအား တိုင်းဒေသကြီး/ပြည်နယ် အားလုံးတွင် ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပါသည်။

### ချဉ်းကပ်မှုအသစ်

စာကြည့်တိုက်ဆိုသည်မှာ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးသည့်နေရာ၊ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနိုင်သည့်နေရာ၊ ပြည်သူများ၏ နေ့စဉ်ဘဝများနှင့် လုပ်ငန်းခွင် တိုးတက်မှုများရရှိရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေပေးရန်နေရာ၊ လူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ဆွေးနွေးတိုင်ပင်ဖြည့်ဆည်းပေးရာနေရာ၊ လူတိုင်းလေ့လာ သင်ယူနိုင်သည့် နေရာတစ်ခုဖြစ်သည်။

တကယ်တမ်းပြောရလျှင် မြန်မာနိုင်ငံ၌ စာကြည့်တိုက်များကို စာအုပ်ငှားရမ်းရာနေရာလောက်သာ လူအများက မှတ်ယူနေသည့်အတွက် စာကြည့်တိုက်ကဏ္ဍ မဖွံ့ဖြိုးသေးသည့် လက္ခဏာတစ်ရပ်အဖြစ် တွေ့မြင်နေရသည်။

ပြည်သူများက သတင်းအချက်အလက်များ ရယူလိုလျှင်ဖြစ်စေ၊ အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိလိုလျှင်ဖြစ်စေ၊ ရောဂါပိုးမွှားများအကြောင်း၊ ရာသီဥတုအကြောင်း၊ မိုးလေဝသအကြောင်းများ သိလိုလျှင်ဖြစ်စေ၊ ကလေးလူငယ်များကို ပြုစုပျိုးထောင်နိုင်မည့် နည်းလမ်းများ သိလိုလျှင်ဖြစ်စေ သတင်းအချက်အလက်များ ရှာဖွေရယူနိုင်သည့် နေရာတစ်ခု ဖြစ်နေရမည်။ လက်ရှိအခြေအနေတွင် ပြည်သူ့စာကြည့်တိုက်များကို အသုံးပြုသူဦးရေနည်းပါးပြီး လာရောက်သူနည်းပါးနေသည့်အတွက် အချိန်မီကုစားဆောင်ရွက်ကြရမည်ဖြစ်သည်။

**"ပြည်သူများက သတင်းအချက်အလက်များ ရယူလိုလျှင်ဖြစ်စေ၊ အစိုးရ၏လုပ်ငန်းဆောင်ရွက်မှုများကို သိလိုလျှင်ဖြစ်စေ၊ ရောဂါပိုးမွှားများအကြောင်း၊ ရာသီဥတုအကြောင်း၊ မိုးလေဝသအကြောင်းများ သိလိုလျှင်ဖြစ်စေ၊ ကလေးလူငယ်များကို ပြုစုပျိုးထောင်နိုင်မည့် နည်းလမ်းများ သိလိုလျှင်ဖြစ်စေ သတင်းအချက်အလက်များ ရှာဖွေရယူနိုင်သည့် နေရာတစ်ခု ဖြစ်နေရမည်"**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားသည့် ခရိုင်နှင့် မြို့နယ် ပြည်သူ့စာကြည့်တိုက်များကို ပြည်သူများအမှန်တကယ် အားကိုးယုံကြည်လာသော စာကြည့်တိုက်များဖြစ်ပေါ်လာစေရေး၊ ပြည်သူများအသိပညာနှင့် သတင်းအချက်အလက်များ ရှာမှီးဆည်းပူးရာနေရာ၊ ပြည်သူများ အကျွမ်းတဝင် ဝင်/ထွက်သွားလာရာနေရာများ ဖြစ်ပေါ်လာစေရေးအတွက် လူထုအခြေပြုဗဟိုဌာနများ ဖြစ်ပေါ်လာအောင် ချဉ်းကပ်မှုပုံစံအသစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် လူထုအခြေပြုဗဟိုဌာန ၁၆ ခု ဖွင့်လှစ်၍ သင်တန်းများပေးခြင်း၊ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်း၊ ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (S.V.A) တို့နှင့် ပူးပေါင်း၍ ကလေးစာကြည့်တိုက်များ၊ ကလေးစာဖတ်ခန်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ ရွေ့လျားစာကြည့် တိုက်ယာဉ်ဖြင့် စာအုပ်များ လှည့်လည်ငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ပြည်သူ့စာကြည့်တိုက်ဥပဒေများအတွက် အကြံပြုချက်

ပြည်သူ့စာကြည့်တိုက်များ အသွင်ပြောင်းလဲရေးအတွက် အဓိကကျသည့်အရာမှာ ပြည်သူ့စာကြည့်တိုက်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းရေးပင်ဖြစ်သည်။ ယနေ့အချိန်တွင် တိုင်းဒေသကြီး/ပြည်နယ် ကိုးခု၌ ပြည်သူ့စာကြည့်တိုက် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီးကြောင်း သိရသည်။ ရေးဆွဲပြဋ္ဌာန်းပြီးသည့် ပြည်သူ့စာကြည့်တိုက်ဥပဒေများ ပိုမိုပြည့်စုံ ကောင်းမွန်စေရေးနှင့်ရေးဆွဲဆဲဖြစ်သည့် ပြည်သူ့စာကြည့်တိုက်ဥပဒေများတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ စာကြည့်တိုက်ပညာရှင်များက ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေးဆွဲဆဲ/ရေးဆွဲပြီးသော ပြည်သူ့စာကြည့်တိုက်ဥပဒေများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပေးသင့်သည့် အချက်များကို အောက်ပါအတိုင်း အကြံပြုတင်ပြချင်ပါသည်-

(က) ပြည်သူ့စာကြည့်တိုက်များအတွက် ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းနှင့် ထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ခ) စာကြည့်တိုက်ပိုင်ပစ္စည်းနှင့် စာပေပစ္စည်းများကို စနစ်တကျ ကာကွယ်ထိန်းသိမ်းနိုင်ရေး သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ဂ) ပြည်သူ့စာကြည့်တိုက် တည်ဆောက်မှုလုပ်ငန်းများနှင့် မြေနေရာရှာဖွေခြင်း လုပ်ငန်းများအဆင်ပြေစေရေးအတွက် ကြီးကြပ်မှုကော်မတီတွင် စည်ပင်သာယာအဖွဲ့အစည်းအဆင့်ဆင့်မှ ပုဂ္ဂိုလ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်ပေးရန်။

(ဃ) ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်မှူးများသည် အဓိက အစိတ်အပိုင်းဖြစ်သဖြင့် ၎င်းတို့အားလေ့ကျင့်ပြုစုပျိုးထောင်နိုင်မည့် လုပ်ငန်းစဉ်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(င) ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရန်ပုံငွေသုံးစွဲကုန်ကျရမည်ဖြစ်ပါသဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဘတ်ဂျက်ရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲလျာထားနိုင်ရေး သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(စ) ပြည်သူ့စာကြည့်တိုက်များ မှတ်ပုံတင်ရန် ပျက်ကွက်မှုအတွက် အရေးယူရာတွင် ထောင်ဒဏ်အစား ငွေဒဏ်ကိုသာ သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ဆ) ပြည်သူ့စာကြည့်တိုက်ဥပဒေများကို ရေးဆွဲ ထားရုံသက်သက်မဟုတ်ဘဲ အမှန်တကယ် အသက်ဝင်အလုပ်ဖြစ်စေရန် လိုအပ်ပါသဖြင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများအတွက် လုပ်ငန်းစဉ်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ဇ) ပြည်သူ့စာကြည့်တိုက်ဥပဒေ၏ အနှစ်သာရသည် စာကြည့်တိုက်များ မှတ်ပုံတင်ရုံသက်သက် မဟုတ်ပါသဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်နိုင် မည့် လုပ်ငန်းရပ်များ ပါ/မပါ ပြန်လည်စိစစ်ပေးရန်။

(ဈ) စာကြည့်တိုက်များကို ပြည်သူများယုံကြည်အားကိုး လာစေရန်အတွက် စာကြည့်တိုက်မှူးများ၏ ဝန်ဆောင်မှုသည် အဓိကကျပါသဖြင့် စာကြည့်တိုက်မှူးများ၏ တာဝန်ဝတ္တရားများကို တိတိကျကျ သတ်မှတ်ပေးရန်နှင့် ၎င်းတို့၏လစာ အပါအဝင် အကျိုးခံစားခွင့်ရရှိစေမည့် အစီအစဉ်များ သတ်မှတ်ပြဋ္ဌာန်းပေးရန်။

(ည) ပြည်သူ့စာကြည့်တိုက်ဥပဒေနှင့်အတူ နည်းဥပဒေများ အချိန်မီရေးဆွဲပြဋ္ဌာန်းပေးရန်။

(ဋ) စာကြည့်တိုက်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် ရွေ့လျားစာကြည့်တိုက်များအား ထည့်သွင်းပေးရန်။

(ဌ) ပြောင်းလဲလာသည့် စာကြည့်တိုက်ဝန်ဆောင်မှုများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် Digital Library များ ပေါ်ပေါက်လာစေရေးနှင့် စာကြည့်တိုက်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်မည့် Library Network System များ၊ စာကြည့်တိုက် အချင်းချင်း စာအုပ်စာစောင် အပြန်အလှန် ငှားရမ်းပေးသည့်စနစ် (Inter-library Loans System) ပေါ်ပေါက်လာအောင် ထည့်သွင်းပြဋ္ဌာန်းပေးရန်။

(ဍ) ပြည်သူ့စာကြည့်တိုက်ဥပဒေသည် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) ပါ အချက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ထည့်သွင်းရေးဆွဲပေးရန်။

(ဎ) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ MBA-PF၊ IREX၊ IFLA တို့ ပူးပေါင်းရေးဆွဲထားသည့် ပြည်သူ့စာကြည့်တိုက် မဟာဗျူဟာစီမံကိန်းကိုလေ့လာ၍ ပူးပေါင်းပါဝင်နိုင်မည့် အစီအစဉ်များ ထည့်သွင်းပြဋ္ဌာန်းပေးရန်။

### စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထူထောင်ရေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ ရောက်ရှိစဉ် **"စာဖတ်ဝါသနာမပါလျှင် ကမ္ဘာကျဉ်းမြောင်းမည်ဖြစ်ပြီး ဘဝနာသည်ဟု ပြောလိုပါကြောင်း၊ ထို့ကြောင့် ကလေးများစာဖတ်ဝါသနာပါရန် လိုအပ်ကြောင်း၊ စာကြည့်တိုက် ယဉ်ကျေးမှုနှင့် စာကြည့်တိုက်သို့သွားသည့် အလေ့အထ ထူထောင်ရမည်ဖြစ်ကြောင်း"** မှာကြားခဲ့သည်။

ယနေ့အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ခရိုင်နှင့် မြို့နယ် ပြည်သူ့စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများ ဖြစ်ပေါ်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပြည်သူ့စာကြည့်တိုက်ပေါင်း ၇၀၀၀ ခန့် ဖွင့်လှစ်လျက်ရှိရာ လူမှုအဖွဲ့အစည်း အသီးသီးက စာကြည့်တိုက်ပေါင်း ၆၄၀၀ ကျော်ကို မိမိတို့အစီအစဉ်ဖြင့် စီမံဆောင်ရွက်နေကြသည်။ ယင်းသို့ ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များတွင် ပြည်သူများ စာပေဖတ်ရှုလေ့လာရေးနှင့် စာကြည့်တိုက်ယဉ်ကျေးမှုများ ပြန်လည်ထွန်းကားလာရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းကြိုးစား ဆောင်ရွက်ကြရမည်။

စာကြည့်တိုက်များသို့ ပြည်သူများ ဝင်/ထွက်သွားလာသည့် အလေ့အထနှင့် စာကြည့်တိုက်ယဉ်ကျေးမှုများ ပြန်လည်ထွန်းကားလာဖို့ဆိုလျှင် လက်ရှိပြည်သူ့စာကြည့်တိုက်များ၏ အသွင်သဏ္ဌာန်ကို ပြောင်းလဲကြရမည်။ စာကြည့်တိုက်များ အပေါ်ထားရှိသည့် ပြည်သူများ၏ ထင်မြင်ယူဆချက်အဟောင်းများကို ဖျောက်ဖျက်နိုင်ရန် ကြိုးပမ်းရမည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ဖို့ဆိုလျှင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရေးဆွဲပြဋ္ဌာန်းမည့် ပြည်သူ့စာကြည့်တိုက် ဥပဒေများ အနှစ်သာရပြည့်ဝဖို့လိုသည်။ သဘောတရား သက်သက်မဟုတ်ဘဲ လက်တွေ့အမှန်တကယ် ဆောင်ရွက်နိုင်ဖို့လည်း လိုပါသည်။ သို့မှသာ အားလုံးမျှော်မှန်းထားသည့် မြန်မာ့လူ့အသိုက်အဝန်း၏ လိုအပ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြည့်ဆည်းပေးနိုင်သော ပြည်သူ့စာကြည့်တိုက်များ နိုင်ငံအနှံ့ အစီအရီ ပေါ်ပေါက်လာကြပါလိမ့်မည်။ ။

# ၂၀၂၀ နှင့် လူမှုကွန်ရက်ဂယက်ဆိုရှယ်မီဒီယာဖိုရမ် ၂၀၁၉ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

**တကယ်မရှိသည့် ဆိုရှယ်မီဒီယာ Virtual World တွင် ပျော်ရွှင်နေကြပြီး ဆိုရှယ်မီဒီယာဖေ့စ်ဘွတ်က လူများ၏ ဒုတိယဘဝလို ဖြစ်လာကြောင်း မြန်မာနိုင်ငံ၏ လူမှုကွန်ရက် စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ စကားဝိုင်းဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။**




၂၀၂၀ နှင့် လူမှုကွန်ရက်ဂယက် ဆိုရှယ်မီဒီယာဖိုရမ် ၂၀၁၉ ကျင်းပစဉ်။

လူမှုကွန်ရက်မှတစ်ဆင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ရန်အတွက် ၂၀၂၀ နှင့် လူမှုကွန်ရက်ဂယက်ဆိုရှယ်မီဒီယာဖိုရမ် ၂၀၁၉ ကို ယနေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ပြီး "မြန်မာနိုင်ငံ၏ လူမှုကွန်ရက် စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ" ခေါင်းစဉ်နှင့် "လူမှုကွန်ရက် အသုံးပြုခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

**ပါဝင်ဆွေးနွေး**

မြန်မာနိုင်ငံ၏ လူမှုကွန်ရက် စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ စကားဝိုင်းဆွေးနွေးပွဲတွင် Presenter & MC မဖြိုးဖြိုးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် မန္တလေးမြို့တော် စမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူ၊ နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ The Voice Journal/ Living Color Media ၏ Publisher & CEO ဦးဇေယျာသူ၊ ကမ္ဘောဇဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်နှင့် မိုးစက်ဝိုင်(Miss Universe Myanmar 2013)တို့က ပါဝင်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**အစိုးရကလည်းပါဝင်ဖို့ လိုအပ်**

စကားဝိုင်းဆွေးနွေးပွဲတွင်"ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ စိတ်ကူးယဉ်ရုပ်ရှင်တွေဟာ အခု တကယ်စဖြစ်လာပြီ။ လူတွေက အဲဒီအထဲမှာပဲ ဘဝတွေဖြစ်ပြီး အဲဒီအထဲမှာပဲ ဘဝတွေပျက်ကြတယ်။ အဲဒီထဲမှာ စီးပွားပြီး အိမ်ထောင်ကွဲကြတာတွေ၊ အလိမ်ခံရတာ၊ စီးပွားပျက်ကြတာ အဲဒီလိုတွေ အများကြီးဖြစ်လာကြတယ်။ လူမှုကွန်ရက် သုံးစွဲမှုတွေကို ကျွန်တော်တို့ ဘယ်လိုစီမံခန့်ခွဲမလဲ။ ကျွန်တော်တို့ရဲ့ပညာရေးနဲ့ လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုလုပ်သွားမလဲ ဆိုတဲ့ ကိစ္စတွေကိုပါ စဉ်းစားဖို့၊ အစိုးရကလည်းပါဝင်ဖို့ လိုအပ်တဲ့ အချိန်ရောက်ပြီလို့ ကျွန်တော်ကတော့ မြင်ပါတယ်" ဟု မန္တလေးမြို့တော် စမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူက ပြောသည်။

လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်သည် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြုလုပ်ရန်၊ ဓာတ်ပုံနှင့် ဗီဒီယိုများ၊ ကိုယ်ပိုင်အကြောင်းအရာများကို လွတ်လပ်စွာတင်ပြအသုံးပြုခွင့်ပေးထားသော လူမှုကွန်ရက် စာမျက်နှာတစ်ခုဖြစ်သည်။ သတင်းအချက်အလက် လျင်မြန်စွာ ဖြန့်ဝေနိုင်ခြင်း၊ လူတန်းစားမရွေး သုံးစွဲနိုင်ခြင်းတို့ကြောင့် အများစု အသုံးပြုရာ အင်တာနက်နည်းပညာ တစ်ခုလည်း ဖြစ်သည်။

**ဘဏ်ရဲ့ဝန်ဆောင်မှုပိုပေးလို့ရလာ**

အလားတူ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုးများအနေဖြင့် "ကျွန်တော်တို့ ဘဏ်တွေ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေဘက်က ကြည့်မယ်ဆိုရင် ဆိုရှယ်မီဒီယာက အခွင့်အလမ်းတွေ အများကြီးရှိသလို စိန်ခေါ်မှုတွေလည်း ရှိပါတယ်။ ဆိုရှယ်မီဒီယာ တွင်တွင်ကျယ်ကျယ်မသုံးခင်က ဘဏ်တွေရဲ့ ဝန်ဆောင်မှုက Traditional Banking ပုံစံမျိုးနဲ့သွားခဲ့တယ်။ အခု ဆိုရှယ်မီဒီယာကို သုံးလာတဲ့အချိန်မှာ ဘဏ်ရဲ့ ဝန်ဆောင်မှုတွေ အများကြီး ပိုပေးလို့ရလာပါတယ်"ဟု ကမ္ဘောဇဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်က ပြောသည်။

လူမှုကွန်ရက်မီဒီယာသည် အသိဉာဏ်ဗဟုသုတ ရှင်သန်ဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုနိုင်သော်လည်း တလွဲအသုံးချမည်ဆိုပါက အလွန်အန္တရာယ်ကြီးမားကြောင်းနှင့် လူအများစုကို ထိခိုက်နစ်နာမှုများ ဖြစ်ပွားနိုင်ကြောင်းပညာရှင်များက သုံးသပ်ကြသည်။

"ဆိုရှယ်မီဒီယာက ကောင်းကျိုးတွေအများကြီးရှိသလို ဆိုးကျိုးတွေလည်း ရှိတယ်။ ကောင်းကျိုးများပြီး ဆိုးကျိုးနည်းဖို့ကတော့ သုံးတဲ့သူတွေ၊ တာဝန်ရှိသူတွေအားလုံးက ပေါင်းစပ်ဖို့ အချိန်တစ်ခုတော့ ရောက်နေပြီလို့ မြင်ပါတယ် "ဟု စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ ဦးနိုင်ထူးအောင်က ဆိုသည်။

**အမှားတွေပြန်ရှင်းဖို့ အရေးကြီးလား**

Miss Universe Myanmar 2013 ဆုရ မိုးစက်ဝိုင်က "အနုပညာရှင်တွေနဲ့ ပတ်သက်တဲ့ တချို့သတင်းတွေဆို အမှားတွေပါ။ ဒီလိုအမှားတွေကို ပြန်ရှင်းဖို့ အရေးကြီးလား မကြီးလားဆိုတာ ကြည့်ရမယ်။ ဒါကြောင့် ကျွန်မအနေနဲ့ကတော့ တချို့ အရေးမကြီးတာတွေဆို ပြန်ရှင်းမနေတော့ဘူး။ နောက်ပိုင်း ဂရုမစိုက်တော့ဘူး။ အာရုံထဲမထည့်တော့ဘူး" ဟု ပြောသည်။

လူမှုကွန်ရက်မီဒီယာမှ လူအများ ထိခိုက်စေနိုင်သည့် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များလွှင့်တင်၍ ကောလာဟလ ဝါဒဖြန့်လက်နက်အဖြစ် အသုံးချခြင်း၊ သတင်းအမှားများ ဖြန့်ဝေခြင်းများကိုလည်း ယနေ့ခေတ်တွင် များစွာတွေ့ရှိလာရသည်။

**သတင်းတု၊ သတင်းမှား ခွဲခြားသိ**

"အရေးကြီးဆုံး လိုအပ်တာက သတင်းမှားတွေကို ဘယ်လိုကာကွယ်ရမလဲ၊ ဘယ်လိုအရေးယူရမလဲဆိုတာပါ။ သတင်းအမှားတွေ ပေါ်လာတဲ့ခေတ်ထဲမှာ လူဖြစ်လာတဲ့အတွက် အဲဒီသတင်းအမှားတွေကို ယုံသင့်လား၊ မယုံသင့်လားဆိုတဲ့ အသိတွေကို လူတိုင်းကို ထည့်ပေးဖို့လိုတယ်။ အဲဒီအတွက် အသိပညာပေးခြင်းက ပိုအရေးကြီးတယ်။ အနာဂတ်မှာ ဆိုရှယ်မီဒီယာတွေက ရှောင်လို့ မရတော့ဘူးဆိုရင် ဒါတွေနဲ့ လိုက်လျောညီထွေမှုရှိတဲ့ အသိပညာပေးခြင်းတွေက လာရတော့မှာ ဖြစ်ပါတယ်။ သတင်းတုက ဘာတွေ၊ သတင်းမှားတွေက ဘာတွေဆိုတာ ခွဲခြားသိပြီး ဒါမျိုးဆို မယုံကြည်ရဘူး၊ ဒါမျိုးတွေကတော့ အမှားတွေဆိုတဲ့ကိစ္စတွေကို ပြည်သူလူထုကိုယ်တိုင်သိဖို့ပါ။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းသွားမယ်ဆိုရင် ပြည်သူလူထုမှာ၊ မီဒီယာမှာ၊ အသိပညာပေးခြင်းမှာ ဒါတွေအားလုံး လိုအပ်ပါတယ် "ဟု မန္တလေးမြို့တော် စမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူက သုံးသပ်သည်။

**လူမှုကွန်ရက် အသုံးပြုခြင်း**

မွန်းလွဲပိုင်းတွင် လူမှုကွန်ရက်အသုံးပြုခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ရောဝတီဘဏ် မန်နေဂျင်းဒါရိုက်တာ(ဒစ်ဂျစ်တယ်)ဦးချစ်ထွန်းဖေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မှုခင်းရဲတပ်ဖွဲ့ နည်းပညာမှုခင်းဌာနမှ ဌာနမှူး ရဲမှူးကြီးညွန့်ဝေ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၏ Legal Advisory Member ဦးမင်းတေဇာညွန့်တင်၊ Telenor Myanmar ၏ Head of Corporate Responsibility ဒေါ်ခင်ပြည့်ဝန်းသော်တာ၊ Ooredoo Myanmar ၏ Head of Corporate Communications ဦးတင့်နိုင်ထွဋ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးနှင့် Cyber Security Expert ကိုဘုန်းမြင့်(Mike) တို့က ပါဝင်ဆွေးနွေးကြသည်။

**သူတစ်ပါးကို ထိခိုက်စေတာလျော့ကျ**

"လူမှုမီဒီယာ သုံးတဲ့အခါ ကိုယ်တင်လိုက်တဲ့ Post၊ ရေးလိုက်တဲ့ Comment၊ ရှယ်လိုက်တာတွေကို ကိုယ်တိုင်လည်း ခံစားနိုင်ဖို့ လိုပါတယ်။ ကိုယ်သာ သူ့နေရာမှာဆိုရင် ခံစားနိုင်ပါ့မလားဆိုတဲ့ ကိုယ်ချင်းစာစိတ်ရှိဖို့ လိုပါတယ်။ ဒါမှလည်း သူတစ်ပါးကို ထိခိုက်စေတာတွေ လျော့ကျသွားမှာ ဖြစ်ပါတယ်။ ပြီးတော့ Friend တွေများတိုင်း မကောင်းပါဘူး။ ကိုယ်နဲ့ အပြင်မှာပါ သိတဲ့သူတွေ၊ ရင်းနှီးတဲ့သူတွေနဲ့ Friend ဖြစ်တာက ပိုပြီး လုံခြုံမှုရှိပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက သုံးသပ်ဆွေးနွေးသည်။

**နန္ဒာဟန်၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်**




"မြန်မာနိုင်ငံ၏ လူမှုကွန်ရက် စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ"ခေါင်းစဉ်နှင့် ဆွေးနွေးစဉ်။



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်နှင့် တပ်ဖွဲ့ဝင်မိသားစုများ စက်တင်ဘာ ၁၄ ရက်က တွံတေး-ဒလကားလမ်းမဘေးရှိ ဇေယျာသီရိကျောင်းတိုက်အတွင်း စုပေါင်းကုသိုလ်ပြု သန့်ရှင်းရေးပြုလုပ်စဉ်။

ကိုကြီးတင်

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောင်းကုန်း စက်တင်ဘာ ၁၄**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းရွှေဦးစီး၍ အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၂၀ နှင့် မိသားစုများက မြို့ဦး ရွှေမြနန္ဒာမဟာစည်သာသနာ့ရိပ်သာကျောင်းဝင်းအတွင်း ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



အမှတ်(၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး ဦးစီးသောတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက်က (၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းစိန်ခရိုင် ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်လှိုင်သင်း

✻ *ကျောဖုံးမှ*

လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲ ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာ့စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း ဦးစီးအဖွဲ့နှင့်တွေ့ဆုံပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် နည်းဥပဒေပါ အထွေထွေထုတ်ဝေခွင့်တွင် တစ်ကြိမ်ထုတ် မှတ်ပုံတင်ကတ်များ စီစဉ်ဆောင်ရွက်ပေးစေလိုမှု၊ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းပါ စာအုပ်/စာစောင်များ ပေးပို့ရန် ဖော်ပြပါရှိမှု အပါအဝင် ၎င်းဥပဒေကြမ်းအပေါ် အကြံပြုချက်များ တင်ပြလိုမှု၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ အေဂျင်စီဖွဲ့စည်းမှုနှင့် စာအုပ်စာစောင် ထုတ်ဝေမှုဆိုင်ရာ ခေတ်မီနည်းပညာရပ်များကို ဆွေးနွေးကြသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း ဦးစီးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**တွေ့ဆုံဆွေးနွေး**

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့် စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ စည်သူဦးသော်ကောင်း၊ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းတို့ ပါဝင်သော ပညာရှင်အဖွဲ့နှင့် လည်းကောင်း၊ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်တွဲများ ဆက်လက်ထုတ်ဝေနိုင်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းကော်မတီဝင်များနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

**မြန်မာ့စာပေလက်ရာကောင်းများ အစွန့်ရှည်စွာမပျောက်ပျက်အောင်**

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို မြန်မာစာပေသမိုင်းတွင် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော ဂန္ထဝင်မြောက်သုတ၊ ရသစာကောင်းပေမွန်များကို စာဖတ်ပရိသတ်လက်ဝယ်သို့ တစ်စုတစ်စည်းတည်း ပေးအပ်နိုင်ရန်၊ မြန်မာ့စာပေ လက်ရာကောင်းများ အစွန့်ရှည်စွာ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရန်၊ အများပြည်သူ ဉာဏ်ပညာမြင့်မားလာစေရန်နှင့် လူငယ်များ မြန်မာ့ စာပေကို ချစ်မြတ်နိုးလျက် စာပေဖတ်ရှုသော အလေ့အထတိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဝတ္ထုရှည် ၃ တွဲကို ထုတ်ဝေနိုင်ခဲ့ပြီး လာမည့်အောက်တိုဘာလတွင် အတွဲ (၄/၅/၆)ကို မိတ်ဆက် ထုတ်ဝေရန်နှင့် အတွဲ (၇/၈/၉) ကိုလည်း ဆက်လက်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# "အနောက်ဘက်သို့ခရီးသွားခြင်း" အပါအဝင် မြန်မာပရိသတ်များအကြိုက်များသည့် တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲများပြသမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ China Radio International၊ Sky Net နှင့် ယူနန်ပြည်နယ်တယ်ဟုန်ရုပ်မြင်သံကြားတို့ပူးပေါင်း၍ တရုတ်ဂန္ထဝင်ရုပ်ရှင် အစီအစဉ်များ၊ ထုတ်လွှင့်ပြသမည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က တရုတ်ဂန္ထဝင်ဇာတ်ကားများ ထုတ်လွှင့်တင်ဆက်မှုပြပွဲ အထိမ်းအမှတ်အဖြစ် နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုတွေဟာ မတူကွဲပြားမှုတွေ၊ တူညီမှုတွေ အများကြီး ရှိပါတယ်။ အခု တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ပြီးဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းမှာလည်း ကျွန်တော်တို့မြန်မာနိုင်ငံဟာပါဝင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနဲ့အတူ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နယ်ပယ်အသီးသီးမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အခု ပြသမယ့် ရုပ်ရှင်ဇာတ်ကားတွေကို ပြည်သူတွေနဲ့ နီးစပ်မှုရှိအောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်သင့်ပါတယ်။ အခု ပြသမယ့်ရုပ်သံဇာတ်လမ်းတွေကို ရုပ်သံလွှင့်တွေက ပြသနေသလို မျိုးပဲ ပြည်သူလူထုနဲ့ ပတ်သက်နေတဲ့ ဧရိယာတွေမှာလည်း ပြသနိုင်ဖို့ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါမှသာပြည်သူလူထုက နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို သိရှိသွားမှာဖြစ်သလို ကျွန်တော်တို့ နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း ဖော်ထုတ်ပြသနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

တရုတ်ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ အစီအစဉ်များ ပြသသည့် အစီအစဉ်တွင် ၁၉၈၆ ခုနှစ်က ရိုက်ကူးခဲ့သည့် "အနောက်ဘက်သို့ ခရီးသွားခြင်း" အပါအဝင် ပရိသတ်များ အကြိုက်များသည့် ၁၉၉၄ ခုနှစ်က ရိုက်ကူးခဲ့သော "သုံးပြည်ထောင်ခေတ်"ဇာတ်လမ်းတွဲ၊ "ဟောင်ရိုး-စကြဲ " စသည့် တရုတ်ဂန္ထဝင် ဝတ္ထုဇာတ်လမ်း ၄ ခု အပါအဝင် ဂန္ထဝင်ဇာတ်လမ်းတွဲများနှင့် မှတ်တမ်းရုပ်ရှင် ၁၀ ခုကို မြန်မာဘာသာ နောက်ခံစကားပြော (သို့မဟုတ်) မြန်မာဘာသာ စာတန်းထိုးဖြင့် Sky Net World Drama Channel၊ Knowledge Channel၊ Asia Movie Channel၊ MRTV Entertainment တို့တွင် ယနေ့မှစတင်၍ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါ အခမ်းအနား ထုတ်ပြန်ချက်များမှ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က "မြန်မာဘာသာစကားနဲ့အသံ ထည့်သွင်းထားတဲ့ ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းတွဲကို မြန်မာနိုင်ငံမှာ ထုတ်လွှင့်ပြသခဲ့ရာ အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုများစွာ ရရှိခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း လက်ရွေးစင် တရုတ်ရုပ်ရှင်များနဲ့ ယခုထက်ပိုမိုကောင်းမွန်တဲ့ မှတ်တမ်းဇာတ်ကားများကိုလည်း မြန်မာနိုင်ငံမှာ ဆက်တိုက် ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပြီး မြန်မာပရိသတ်များ ကြိုက်နှစ်သက်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပြသသွားမည့် တရုတ်ဂန္ထဝင်ဇာတ်ကားများတွင် ပါဝင်သော နောက်ခံတေးသီချင်းများကို သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား "အနောက်ဘက်သို့ ခရီးသွားခြင်း" ရုပ်ရှင်ဇာတ်လမ်းတွဲအပိုင်း (၁)ကို မြန်မာဘာသာ နောက်ခံစကားပြောဖြင့် ပြသခဲ့သည်။ ယနေ့ကျင်းပသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- ညွန့်ကိုကို**

# ရန်ကုန်မြို့ စွန့်ပစ်အမှိုက်ပြဿနာအကြောင်း ကျွန်တော်တို့ မြို့ပြခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့က ဦးစီး၍ ၂၀၁၉ ခုနှစ် ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အနေဖြင့် ရန်ကုန်မြို့တွင်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုပြဿနာများအား အကောင်းဆုံး နည်းလမ်းအသုံးပြု၍ လျှော့ချသွားရန်အတွက် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းရှိ ပန်သူရိယ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



အဆိုပါဆွေးနွေးပွဲစကားဝိုင်းတွင် ဒို့အိမ်မှ မို့မို့ဇော်ဝင်း၊ Recyglo Myanmar မှ လှဘုန်းကို၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အေးမြတ်သူ၊ အင်းသား အောင်စိုး၊ သန့်မြန်မာမှ မြသက်ထွေး၊ Trash Hero Myanmar မှ လင်းပြည်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ အေးမြတ်သူက "ဒီလိုမျိုး ဆွေးနွေးပွဲရောက်မှ အမှိုက်ရဲ့ပြဿနာတွေ၊ အမှိုက်နဲ့ပတ်သက်ပြီး အသိပညာ ဗဟုသုတတွေ အများကြီးရရှိပါတယ်။ အမှိုက်အမျိုးအစားတွေ၊ အမှိုက်ရဲ့ သက်ရောက်မှုတွေနဲ့ ပတ်သက်လို့ အဖွဲ့အစည်းတွေ ပူးပေါင်းပြီးကျောင်းတွေကို သွားရောက်အသိပညာပေးမှုတွေ လုပ်ဆောင်သင့်ပါတယ်။ နောက်ပြီး အိမ်ထောင်ရှင်မတွေကိုလည်း မီးဖိုချောင်ကထွက်တဲ့အမှိုက်နဲ့ပတ်သက်လို့ အသိပညာပေးမှုတွေ တိုးမြှင့်လုပ်ဆောင်သင့်တယ်လို့မြင်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်ကို ပိုမိုတောက်ပပြီး သန့်ရှင်းသည့် နေချင်စဖွယ်ကောင်းသောမြို့တစ်မြို့ဖြစ်လာစေရန် အလေ့အကျင့်ကောင်းများ အနေဖြင့် နောက်ဖေးမီးဖိုချောင်အမှိုက်နှင့် ပြန်လည်အသုံးပြုနိုင်သော အမှိုက်ဟူ၍ ခွဲခြားဆောင်ရွက်မည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး စွန့်ပစ်အမှိုက် ပမာဏထွက်ရှိမှုနှုန်းနှင့် အမှိုက်ပုံ မြေနေရာလျှော့ချရေး၊ မသန့်ရှင်းသော ပတ်ဝန်းကျင်လေထုကို ပြုပြင်ဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအထိမ်းအမှတ် အခမ်းအနားများကျင်းပ

## ရန်ကုန်တိုင်းဒေသကြီး

မြန်မာနိုင်ငံ လူကုန်းကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ရန်ကုန်မြို့ မူးယစ်ပြတိုက်တွင် စက်တင်ဘာ ၁၃ ရက်က ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက "လူကုန်ကူးမှုပြဿနာသည် လူသားအချင်းချင်းစာနာမှုကင်းမဲ့စွာ ခေါင်းပုံဖြတ်အမြတ်ထုတ်သော လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခုသာဖြစ်ကြောင်း၊ ပုံသဏ္ဍာန်အမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိကြောင်း လူကုန်ကူးမှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံတို့တွင် ပိုမိုကြုံတွေ့ခံစားနေရသည်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ၂၀၁၈ ခုနှစ် လူကုန်ကူးမှုအစီရင်ခံစာထုတ်ပြန်ချက်နှင့် ကမ္ဘာလုံးဆိုင်ရာ စိစစ်ဖော်ထုတ်ချက်အရ လူကုန်ကူးခံရမှုအရေအတွက် များပြားလာကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း အခမ်းအနားတွင် ပြောကြားသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ ပုဒ်မ-(၂၄) တွင် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးပါကထောင်ဒဏ် ၁၀ နှစ်မှ ထောင်ဒဏ်တစ်သက်ထိလည်းကောင်း၊ ပုဒ်မ(၂၅)အရ အမျိုးသမီးနှင့် ကလေးသူငယ်များမှ အခြားသူတစ်ဦးဦးကို လူကုန်ကူးပါက ထောင်ဒဏ် ၄ါးနှစ်မှ ထောင်ဒဏ် ၁၀ နှစ်ထိ ချမှတ်ခြင်းကိုလည်းကောင်း၊ ပုဒ်မ(၂၈)အရ လူကုန်ကူးမှုကိုသုံးဦးနှင့်အထက် ပူးပေါင်း၍ ကျူးလွန်ပါက ထောင်ဒဏ်အနှစ် ၂၀ မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်ခြင်းကိုလည်းကောင်း၊ ပုဒ်မ(၂၉)အရ လူကုန်ကူးမှုကျူးလွန်စဉ် ထောင်ဒဏ် လေးနှစ်နှင့်အထက် ချမှတ်နိုင်သည့် ပြစ်မှုကိုကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်မှ သေဒဏ်ထိချမှတ်ခြင်းကိုလည်းကောင်း၊ ပုဒ်မ(၃၂)အရ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း (သို့) အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း၊ တစ်ခုခုပြုလျှင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းကိုလည်းကောင်း ခံရမည်ဖြစ်ကြောင်း အခမ်းအနားမှတ်တမ်းဓာတ်ပုံပြခန်းတွင် အသိပေးပြသထားသည်။

**သန်းထိုက်**

## ချင်းပြည်နယ်

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကိုစက်တင်ဘာ ၁၃ ရက်က ဟားခါးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က လူကုန်ကူးမှုပြဿနာသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာ လူသားအချင်းချင်းကုန်ပစ္စည်းသဖွယ် ရောင်းဝယ်ဖောက်ကားခြင်းခံရပြီး လူတစ်ဦးတစ်ယောက်၏ အကျိုးအမြတ်ရရှိရန်အတွက် အသုံးချခံကုန်ပစ္စည်းတစ်ခုအဖြစ် လိင်ပိုင်းဆိုင်ရာ နှင့်လုပ်အားပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်သော ခေတ်သစ်ကျေးကျွန်စနစ်ခေါ် လူကုန်ကူးမှုသည် တစ်စထက်တစ်စကြီးထွားလာခဲ့ကြောင်း၊ လူကုန်ကူးမှုဖြစ်ပွားရသည့် အကြောင်းရင်းများတွင် ပွဲစားများက အလုပ်အကိုင်၊ လစာမက်လုံးပေးပြီး လိမ်လည်သွေးဆောင်ဖြားယောင်းမှုကြောင့် တိုင်းတစ်ပါးသို့ တရားမဝင်သွားရောက်ကြရာမှ လိင်ပိုင်းဆိုင်ရာနှင့် လုပ်အားခခေါင်းပုံဖြတ်မှုတို့ကို အများဆုံးခံစားကြရကြောင်း၊ ချင်းပြည်နယ်၌ ၂၀၁၉ ခုနှစ်အတွင်းတွင် လူကုန်ကူးမှု တစ်မှုဖြစ်ပွားခဲ့ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရာ၌ နှစ်စဉ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစီမံချက်ပါလုပ်ငန်းများတွင် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးဆောင်ရွက်လျက်ရှိသော်လည်း လူကုန်ကူးမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း တွေ့ရှိရသည့် အတွက် မိသားစုဘဝရပ်တည်နိုင်ရေးအတွက် ကျေးလက်နေပြည်သူများ၊ မြို့ပြဆင်းရဲသူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာများ ဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## ဧရာဝတီတိုင်းဒေသကြီး

"လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းကာကွယ်" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့နှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၃ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။



ပုသိမ်မြို့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးအထိမ်းအမှတ် အခမ်းအနားကျင်းပစဉ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ လူကုန်ကူးမှုပြဿနာကို လေ့လာရာတွင် တရုတ်၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ ဈေးကွက်လိုအပ်ချက်နှင့် ချိတ်ဆက်ဖြစ်ပွားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်တွင်း၌ဖြစ်ပွားသော လူကုန်ကူးမှုသည် ၁၅ ရာခိုင်နှုန်းသာရှိပြီး ၈၅ ရာခိုင်နှုန်းသည် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာမှုအပေါ် အခြေခံသော လူကုန်ကူးမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက်လာသူများက ခင်းကျင်းပြသထားသော ဆုရ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးနှင့် အသိပညာပေး မှတ်တမ်းဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**မင်းထွန်းဇော်**

## မွန်ပြည်နယ်

၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်သည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပသည်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက လူကုန်ကူးမှုပြဿနာသည် လူသားအချင်းချင်း စာနာမှုကင်းမဲ့စွာနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှု တစ်ခုပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး လူကုန်ကူးမှုများ ပပျောက်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးခံရသူများကို အခြေခံလူ့အခွင့်အရေးများ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ အခွင့်အရေးများနှင့်အညီ လူသားချင်းစာနာထောက်ထားသည့် ရှုထောင့်မှ ကာကွယ်စောင့်ရှောက်ရေးသည် အလွန်လိုအပ်သည့် အချက်တစ်ချက်ပင်ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်တွင် လူကုန်ကူးမှု ၄ါးမှု၊ လူကုန်ကူးခံရသူ အမျိုးသမီး ရှစ်ဦးရှိပါကြောင်း၊ ကျောင်းသား လူငယ်များအကြား လူကုန်ကူးမှုအန္တရာယ် အသိပညာများရရှိစေရန်အတွက် အခြေခံပညာသင်ခန်းစာများတွင် ထည့်သွင်းပို့ချရုံသာမက အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များတွင်လည်း လူကုန်ကူးမှုအန္တရာယ် အသိပညာများ ပြန့်ပွားစေရန်အတွက် အဖွဲ့အစည်းများမှ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် ပန်းချီအကဲဖြတ် ပညာရှင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၃ ရက်က ပြဋ္ဌာန်းခဲ့ပြီး ဥပဒေပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာ ၁၃ ရက်ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက်က တောင်ကြီးမြို့မြို့တော်ခန်းမ၌ ကျင်းပသော သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနားမှ သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၌ လူကုန်ကူးမှုဖြစ်ပွားခြင်း အခြေအနေများ၊ အရေးယူဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမှာစကား ပြောကြားခဲ့ရာ လူကုန်ကူးမှုများကို စစ်ဆေးဖော်ထုတ်ရာတွင် ပြစ်မှုကျူးလွန်မှုမှ ရရှိသည့် ငွေကြေးပစ္စည်းများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူမှုများ ပိုမိုထိရောက်အောင် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၁၉ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းကာကွယ်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အားလုံးပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြရန် ပြောကြားသွားသည်။

တက်ရောက်လာကြသူများကို မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ ၁၀ မိနစ်စာနောက်ခံစကားပြော ဗီဒီယိုခွေပြသကာ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ယုံကြည်ချက်သို့ မျှောလွင့် ရာ" လူကုန်ကူးမှုအသိပညာပေးဇာတ်လမ်းသရုပ်ဖော်ဖြင့် တင်ဆက်ကပြ၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး လှဦးတို့က သရုပ်ဖော်တင်ဆက်ကပြသည့် အဖွဲ့ခေါင်းဆောင်များ အား အမှတ်တရလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး၊ ခန်းမအတွင်း ခင်းကျင်းပြသထား သောပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကယားပြည်နယ်ဝန်ကြီးချုပ် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်

**ဒီးမော့ဆို စက်တင်ဘာ ၁၄**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ဒီးမော့ဆိုမြို့ စိန်ဂျိုးဇက်ဘုရားကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သက်ကြီးရွယ်အိုဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းသည် ပြည်နယ်အကျိုး၊ နိုင်ငံ့အကျိုး ထမ်းရွက်ခဲ့သည့် ဘိုးဘွားများကို အသိအမှတ်ပြုခြင်းဖြစ်ပြီး အသက် နှစ်နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များကို ပံ့ပိုးပေးခြင်းသည်လည်း အနာဂတ်အတွက် ရင်သွေးငယ်များ သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး နိုင်ငံတော်မှ ကဏ္ဍအလိုက် အကောင်းဆုံးပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၁၃၃၈ ဦးနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ် ၁၃၁၀ တို့ကို ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလအတွက် စတုတ္ထအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၈၂ ဦးကိုလည်း လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ကိုယ်ဝန်ဆောင်မိခင်လောင်းတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

ပူးတွဲ-၁

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တိုးတက် မှုနှုန်း (ရာခိုင် နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တိုးတက် မှုနှုန်း (ရာခိုင် နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၉,၉၉၇,၁၄၆.၀** | **၂၂.၅** | **၂.၁** | **၂၀,၄၉၆,၄၉၄.၄** | **၂၁.၅** | **၂.၅** |
| | ၁ | လယ်ယာ | ၁၂,၉၈၇,၅၄၇.၇ | ၁၄.၆ | ၁.၁ | ၁၃,၂၉၀,၃၇၀.၉ | ၁၃.၉ | ၂.၃ |
| | ၂ | သားငါး | ၆,၉၄၂,၃၉၃.၅ | ၇.၈ | ၄.၃ | ၇,၁၄၃,၉၄၅.၅ | ၇.၅ | ၂.၉ |
| | ၃ | သစ်တော | ၆၇,၂၀၄.၈ | ၀.၁ | -၉.၈ | ၆၁,၁၇၈.၀ | ၀.၁ | -၉.၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၂,၁၃၇,၂၁၄.၅** | **၃၆.၀** | **၈.၄** | **၃၄,၈၉၅,၆၃၆.၉** | **၃၆.၆** | **၈.၆** |
| | ၁ | စွမ်းအင် | ၃,၂၆၈,၄၉၅.၀ | ၃.၇ | ၁.၃ | ၃,၂၈၅,၂၅၁.၇ | ၃.၄ | ၀.၅ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၉၁၄,၃၅၀.၇ | ၁.၀ | ၅.၁ | ၉၆၁,၉၁၂.၀ | ၁.၀ | ၅.၂ |
| | ၃ | စက်မှုလက်မှု | ၂၀,၉၆၃,၂၄၆.၁ | ၂၃.၅ | ၉.၈ | ၂၃,၀၄၃,၆၃၈.၉ | ၂၄.၂ | ၉.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၃၇၉,၅၇၀.၃ | ၁.၅ | ၇.၆ | ၁,၄၈၈,၇၇၃.၈ | ၁.၆ | ၇.၉ |
| | ၅ | ဆောက်လုပ်မှု | ၅,၆၁၁,၅၅၂.၄ | ၆.၃ | ၈.၆ | ၆,၁၁၆,၀၆၀.၅ | ၆.၄ | ၉.၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၇,၀၄၇,၃၁၇.၀** | **၄၁.၅** | **၈.၀** | **၄၀,၀၃၇,၀၈၇.၂** | **၄၁.၉** | **၈.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၆၉၀,၃၁၉.၂ | ၁၂.၀ | ၈.၁ | ၁၁,၅၆၂,၉၀၁.၉ | ၁၂.၁ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၂,၃၀၃,၀၀၀.၆ | ၂.၆ | ၁၁.၄ | ၂,၅၂၂,၀၃၈.၀ | ၂.၆ | ၉.၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅.၂ | ၀.၄ | ၇.၁ | ၄၀၉,၀၂၇.၆ | ၀.၄ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၁၆၃,၅၈၅.၂ | ၃.၅ | ၄.၂ | ၃,၂၉၅,၀၁၂.၇ | ၃.၅ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၇၉၀,၇၈၉.၃ | ၃.၁ | ၁၂.၄ | ၃,၁၄၉,၁၃၈.၂ | ၃.၃ | ၁၂.၈ |
| | ၆ | ကုန်သွယ်မှု | ၁၇,၇၃၂,၀၁၇.၅ | ၁၉.၉ | ၇.၆ | ၁၉,၀၉၈,၉၆၈.၈ | ၂၀.၀ | ၇.၇ |
| **၄** | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၉,၁၈၁,၆၇၇.၅** | **၁၀၀.၀** | **၆.၈** | **၉၅,၄၂၉,၂၁၈.၅** | **၁၀၀.၀** | **၇.၀** |

ပူးတွဲ-၂

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တိုးတက် မှုနှုန်း (ရာခိုင် နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တိုးတက် မှုနှုန်း (ရာခိုင် နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၂,၁၃၄,၃၆၀.၅** | **၅၈.၅** | **၅.၉** | **၅၅,၃၉၂,၁၃၁.၃** | **၅၈.၁** | **၆.၂** |
| | ၁ | လယ်ယာ | ၁၂,၉၈၇,၅၄၇.၇ | ၁၄.၆ | ၁.၁ | ၁၃,၂၉၀,၃၇၀.၉ | ၁၃.၉ | ၂.၃ |
| | ၂ | သားငါး | ၆,၉၄၂,၃၉၃.၅ | ၇.၈ | ၄.၃ | ၇,၁၄၃,၉၄၅.၅ | ၇.၅ | ၂.၉ |
| | ၃ | သစ်တော | ၆၇,၂၀၄.၈ | ၀.၁ | -၉.၈ | ၆၁,၁၇၈.၀ | ၀.၁ | -၉.၀ |
| | ၄ | စွမ်းအင် | ၃,၂၆၈,၄၉၅.၀ | ၃.၇ | ၁.၃ | ၃,၂၈၅,၂၅၁.၇ | ၃.၄ | ၀.၅ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၉၁၄,၃၅၀.၇ | ၁.၀ | ၅.၁ | ၉၆၁,၉၁၂.၀ | ၁.၀ | ၅.၂ |
| | ၆ | စက်မှုလက်မှု | ၂၀,၉၆၃,၂၄၆.၁ | ၂၃.၅ | ၉.၈ | ၂၃,၀၄၃,၆၃၈.၉ | ၂၄.၂ | ၉.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁,၃၇၉,၅၇၀.၃ | ၁.၅ | ၇.၆ | ၁,၄၈၈,၇၇၃.၈ | ၁.၆ | ၇.၉ |
| | ၈ | ဆောက်လုပ်မှု | ၅,၆၁၁,၅၅၂.၄ | ၆.၃ | ၈.၆ | ၆,၁၁၆,၀၆၀.၅ | ၆.၄ | ၉.၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၉,၃၁၅,၂၉၉.၅** | **၂၁.၆** | **၈.၄** | **၂၀,၉၃၈,၁၁၈.၄** | **၂၁.၉** | **၈.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၀,၆၉၀,၃၁၉.၂ | ၁၂.၀ | ၈.၁ | ၁၁,၅၆၂,၉၀၁.၉ | ၁၂.၁ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၂,၃၀၃,၀၀၀.၆ | ၂.၆ | ၁၁.၄ | ၂,၅၂၂,၀၃၈.၀ | ၂.၆ | ၉.၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅.၂ | ၀.၄ | ၇.၁ | ၄၀၉,၀၂၇.၆ | ၀.၄ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၁၆၃,၅၈၅.၂ | ၃.၅ | ၄.၂ | ၃,၂၉၅,၀၁၂.၇ | ၃.၅ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂,၇၉၀,၇၈၉.၃ | ၃.၁ | ၁၂.၄ | ၃,၁၄၉,၁၃၈.၂ | ၃.၃ | ၁၂.၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၇,၇၃၂,၀၁၇.၅** | **၁၉.၉** | **၇.၆** | **၁၉,၀၉၈,၉၆၈.၈** | **၂၀.၀** | **၇.၇** |
| **၄** | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၈၉,၁၈၁,၆၇၇.၅** | **၁၀၀.၀** | **၆.၈** | **၉၅,၄၂၉,၂၁၈.၅** | **၁၀၀.၀** | **၇.၀** |

ပူးတွဲ-၃

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏
စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
( ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ )

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တိုးတက် မှုနှုန်း (ရာခိုင် နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တိုးတက် မှုနှုန်း (ရာခိုင် နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၇၀၉,၆၀၁.၇ | ၁.၉ | ၆.၇ | ၁,၈၄၇,၁၄၄.၆ | ၁.၉ | ၈.၀ |
| ၂ | ကယားပြည်နယ် | ၃၁၃,၀၁၇.၃ | ၀.၄ | ၆.၁ | ၃၂၈,၀၁၅.၇ | ၀.၄ | ၄.၈ |
| ၃ | ကရင်ပြည်နယ် | ၁,၆၀၉,၄၁၇.၈ | ၁.၈ | ၈.၁ | ၁,၇၃၂,၃၉၅.၃ | ၁.၈ | ၇.၆ |
| ၄ | ချင်းပြည်နယ် | ၃၇၆,၁၇၉.၉ | ၀.၄ | ၆.၃ | ၄၀၅,၈၉၂.၄ | ၀.၄ | ၇.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၅၄၅,၉၇၉.၈ | ၁၁.၈ | ၇.၅ | ၁၁,၃၅၃,၅၂၆.၈ | ၁၁.၉ | ၇.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၅၇၈,၀၉၈.၆ | ၄.၀ | ၂.၂ | ၃,၆၆၆,၀၅၀.၁ | ၃.၈ | ၂.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇,၃၄၆,၁၁၁.၃ | ၈.၂ | ၆.၇ | ၇,၈၁၇,၆၀၅.၁ | ၈.၂ | ၆.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇၀၅,၈၆၄၂.၁ | ၇.၉ | ၄.၀ | ၇,၆၁၉,၈၅၅.၆ | ၈.၀ | ၈.၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉,၆၈၀,၅၁၇.၂ | ၁၀.၉ | ၇.၂ | ၁၀,၃၃၈,၇၈၀.၁ | ၁၀.၈ | ၆.၈ |
| ၁၀ | မွန်ပြည်နယ် | ၃,၆၂၀,၂၆၄.၃ | ၄.၁ | ၇.၆ | ၃,၈၆၁,၉၅၈.၂ | ၄.၁ | ၆.၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၃,၈၈၇,၁၁၃.၃ | ၄.၄ | ၆.၁ | ၄,၀၄၆,၇၈၈.၇ | ၄.၂ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂,၂၂၃,၇၈၅.၀ | ၂၄.၉ | ၉.၁ | ၂၄,၂၀၉,၆၆၉.၇ | ၂၅.၄ | ၈.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅,၂၀၂,၅၆၁.၁ | ၅.၈ | ၅.၃ | ၅,၅၀၉,၅၃၈.၇ | ၅.၈ | ၅.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀,၁၇၂,၀၅၉.၂ | ၁၁.၄ | ၅.၀ | ၁၀,၆၆၂,၀၀၀.၅ | ၁၁.၂ | ၄.၈ |
| ၁၅ | နေပြည်တော် ကောင်စီနယ်မြေ | ၁,၈၅၈,၃၂၈.၉ | ၂.၁ | ၆.၈ | ၂,၀၂၉,၉၅၂.၀ | ၂.၁ | ၉.၂ |

ပူးတွဲ-၄

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းအရ)

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ( အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင် နှုန်း) | ပြောင်းလဲ မှုနှုန်း (ရာခိုင် နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၂,၆၉၆,၄၄၀.၉** | **၂၁.၅** | **၂၄,၁၄၀,၅၉၀.၉** | **၂၀.၃** | **၆.၄** |
| | ၁ | လယ်ယာ | ၁၄,၅၀၇,၉၄၆.၇ | ၁၃.၇ | ၁၅,၃၀၈,၉၃၉.၅ | ၁၂.၉ | ၅.၅ |
| | ၂ | သားငါး | ၈,၁၀၇,၉၄၀.၃ | ၇.၇ | ၈,၇၅၄,၄၁၄.၀ | ၇.၃ | ၈.၀ |
| | ၃ | သစ်တော | ၈၀,၅၅၃.၉ | ၀.၁ | ၇၇,၂၃၇.၄ | ၀.၁ | -၄.၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၀,၀၅၀,၂၃၆.၉** | **၃၈.၀** | **၄၆,၀၉၅,၁၀၈.၄** | **၃၈.၇** | **၁၅.၁** |
| | ၁ | စွမ်းအင် | ၄,၆၈၈,၀၁၂.၄ | ၄.၄ | ၄,၇၂၄,၇၇၆.၁ | ၄.၀ | ၀.၈ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁,၀၁၂,၆၃၈.၅ | ၁.၀ | ၁,၀၉၇,၃၂၂.၈ | ၀.၉ | ၈.၄ |
| | ၃ | စက်မှုလက်မှု | ၂၆,၁၈၆,၆၆၃.၁ | ၂၄.၈ | ၃၀,၄၇၉,၁၀၄.၇ | ၂၅.၆ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁,၄၆၁,၉၂၀.၂ | ၁.၄ | ၂,၀၈၀,၀၃၇.၃ | ၁.၇ | ၄၂.၃ |
| | ၅ | ဆောက်လုပ်မှု | ၆,၇၀၁,၀၀၂.၇ | ၆.၄ | ၇,၇၁၃,၈၆၇.၅ | ၆.၅ | ၁၅.၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၂,၇၃၅,၆၄၇.၆** | **၄၀.၅** | **၄၈,၇၈၇,၇၀၆.၀** | **၄၁.၀** | **၁၄.၂** |
| | ၁ | ပို့ဆောင်ရေး | ၁၁,၈၃၈,၈၁၃.၆ | ၁၁.၂ | ၁၃,၅၅၅,၄၄၁.၅ | ၁၁.၄ | ၁၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၂,၀၇၇,၀၂၅.၉ | ၂.၀ | ၂,၂၃၄,၉၃၅.၇ | ၁.၉ | ၇.၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇,၆၀၅.၂ | ၀.၄ | ၄၀၉,၀၂၇.၆ | ၀.၃ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၃,၄၂၇,၃၈၄.၉ | ၃.၂ | ၃,၅၈၀,၃၂၉.၃ | ၃.၀ | ၄.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃,၃၈၄,၅၆၉.၈ | ၃.၂ | ၄,၀၇၈,၄၀၆.၆ | ၃.၄ | ၂၀.၅ |
| | ၆ | ကုန်သွယ်မှု | ၂၁,၆၄၀,၂၄၈.၂ | ၂၀.၅ | ၂၄,၉၂၉,၅၆၅.၃ | ၂၁.၀ | ၁၅.၂ |
| **၄** | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁၀၅,၄၈၂,၃၂၅.၄** | **၁၀၀.၀** | **၁၁၉,၀၂၃,၄၀၅.၃** | **၁၀၀.၀** | **၁၂.၈** |

*(ဆက်လက်ဖော်ပြပါမည်)*

# Facebook ၏ လူမှုကွန်ရက်ဆိုင်ရာစံနှုန်းများ

**Facebook** သည် လူအများကို မိမိတို့၏ အကြောင်းအရာများအား ထုတ်ဖော်နိုင်ရန်၊ တခြားသူများ၏ အမြင်များဖြင့် ကြည့်မြင်နိုင်ရန်နှင့် မည်သည့်နေရာတွင်မဆို ချိတ်ဆက်မှုဝေနိုင်ရန် စသည့်စွမ်းအားများကို **Facebook** အသုံးပြုသူများအား ပေးအပ်လျက်ရှိပါသည်။ **Facebook** ပေါ်တွင် ပြောဆိုကြသော စကားများ၊ မျှဝေကြသော အထင်အမြင်များသည် **Facebook** သုံးစွဲသူများ၏ စုံလင်လှသော ထင်ဟပ်မှုများပင်ဖြစ်ပါသည်။ ကမ္ဘာ့လူထုတစ်ခုလုံး၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ချိန်ညှိနိုင်ရန် အတွက် **Facebook** မှ လူမှုကွန်ရက်စံနှုန်းများနှင့် ကာကွယ်ထားပါသည်။ အောက်ပါစံနှုန်းများကို ဖတ်ရှုခြင်းဖြင့် မည်သည့်ဖော်ပြချက်ကိုလက်ခံနိုင်ပြီး မည်သို့သော အကြောင်းအရာများကို ပယ်ဖျက်သင့်ကြောင်း သိရှိနားလည်နိုင်ပါလိမ့်မည်။







## နိုင်ငံတစ်ဝန်းရှိ ရေပိုလျှံမှ ရေကျော်သည့် ရေလှောင်တမံ ၄၅ ခု စာရင်း

### (၁၄-၉-၂၀၁၉)ရက်နေ့ ရေပိုလျှံမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း

(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | ရေပိုလျှံမှ ရေကျော်အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၄၇၄ | ၃၇.၂၅ | ၃၁၆၈၃ | ၀.၃၉ | ၁.၂၅ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၄၀ | ၁၉၂၃ | ၀.၂၀ | ၀.၆၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဂြိုဟ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၈၀ | ၅၄၆၆၀ | - | ၂.၈၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၄ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၀.၈၀ | ၃၁၂၆၀ | - | ၀.၈၀ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | |
| ၅ | ရေသိုးရေလှောင်တမံ | တောင်ငူခရိုင်/ | ၅၀ | ၁၅၅၀၀ | ၅၂.၃၀ | ၁၈၉၁၆ | - | ၂.၃၀ |
| | | အုတ်တွင်းမြို့ | ၂၂.၈၅ | ၇၂၅ | | | | |
| ၆ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | ၀.၂၀ | ၀.၃၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| ၇ | ငမြွေရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၄၀ | ၂၄၃၆ | ၁.၀၀ | ၀.၄၀ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | |
| ၈ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၃.၆၀ | ၇၀၄၀၃၄ | ၀.၇၀ | ၄.၆၀ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | |
| ၉ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၆.၃၅ | ၉၅၈၁၄၄ | ၀.၉၁ | ၁.၃၅ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | |
| ၁၀ | ဘိုင်းဒါးရေလှောင်တမံ | ပဲခူးခရိုင်/ | ၁၀၉ | ၃၇၃၉၀၂ | ၁၀၉.၂၀ | ၃၇၆၆၅၉ | ၀.၄၃ | ၀.၂၀ |
| | | ဒိုက်ဦးမြို့ | ၆၂ | ၅၆၂၀၀ | | | | |
| ၁၁ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၆၀ | ၃၇၇၆၀ | ၁.၄၄ | ၁.၆၀ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | |
| ၁၂ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၂.၈၀ | ၁၂၄၁၀ | ၄.၃၀ | ၂.၈၀ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | |
| ၁၃ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၉၀ | ၂၈၈၇၂ | ၁.၁၀ | ၁.၉၀ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | |
| ၁၄ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၁.၃၀ | ၂၁၀၈၀ | ၀.၂၀ | ၁.၈၀ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | |
| ၁၅ | ရွှေပြည်(၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၄၀ | ၃၈၈၀ | ၀.၅၀ | ၀.၄၀ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၁၆ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၂.၆၀ | ၂၅၆၈၀၀ | ၁.၀၀ | ၀.၆၀ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | |
| ၁၇ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၇.၁၀ | ၂၂၈၈၀၉ | ၁.၉၀ | ၂.၁၀ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | |
| ၁၈ | ဘော်ဘင်ရေလှောင်တမံ(၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၁၀ | ၂၇၆၆၆ | - | ၁.၁၀ |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | |
| ၁၉ | စဥ့်ကူးချောင်းဝေါင်း ရေလှောင်တမံ | သာယာဝတီခရိုင်/ | ၂၇ | ၂၂၂၉ | ၂၇.၅၀ | ၂၃၈၀ | ၀.၀၈ | ၀.၅၀ |
| | | အုတ်ဖိုမြို့ | ၁၉ | ၄၈၄ | | | | |
| ၂၀ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၈.၂၀ | ၁၄၉၇၃၆ | ၀.၃၈ | ၃.၂၀ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | |
| ၂၁ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၈.၅၀ | ၆၇၈၇၅ | ၀.၁၀ | ၂.၅၀ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | |
| ၂၂ | သုံးဆယ်ရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၃၈ | ၂၃၇၅၂၀ | ၁၃၈.၈၀ | ၂၄၃၁၈၄ | ၀.၃၅ | ၀.၈၀ |
| | | သာယာဝတီမြို့ | ၆၆ | ၈၅၆၀ | | | | |
| ၂၃ | မုက္ခာရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၄ | ၂၄၁၁၂ | ၆၄.၉၀ | ၂၅၃၈၈ | ၀.၃၂ | ၀.၉၀ |
| | | မင်းလှမြို့ | ၃၄ | ၁၈၆၁ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၄ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၄၅ | ၃၈၇၁၄၁ | ၀.၀၇ | ၁.၄၅ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | |
| ၂၅ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၇၀ | ၆၄၉၄၃၉ | - | ၂.၇၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၂၆ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၉၀ | ၁၂၅၈၀၀ | - | ၁.၉၀ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | |
| ၂၇ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၇.၇၀ | ၃၄၂၁၈၀ | - | ၄.၂၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| ၂၈ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၅.၅၀ | ၇၄၆၆၉ | - | ၀.၅၀ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | |
| ၂၉ | ပဒဲရေလှောင်တမံ | သရက်ခရိုင်/ | ၁၀၅ | ၃၂၈၉၀ | ၁၀၅.၈၀ | ၃၃၉၆၀ | - | ၀.၈၀ |
| | | အောင်လံမြို့ | ၇၈ | ၈၉၃၀ | | | | |
| | | **မွန်ပြည်နယ်** | | | | | | |
| ၃၀ | ရွှေနတ်တောင်ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၃၀ | ၅၃၀၂ | ၀.၉၅ | ၀.၃၀ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၁ | ပြိုင်းချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၈.၁၀ | ၂၆၂၅၅ | ၀.၂၀ | ၂.၁၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၃၂ | မင်းသားချောင်း ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၁၇ | ၁၆၅၀ | ၁၇.၁၀ | ၁၆၅၂ | - | ၀.၁၀ |
| | | ကျောက်တော်မြို့ | ၁ | ၂၀ | | | | |
| ၃၃ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၂၀ | ၆၆ | - | ၀.၂၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |

စာမျက်နှာ ၁၂ သို့




❑ *ကျောဖုံးမှ*

နေသွေးဦးသည် အုပ်စုပွဲစဉ်များတွင် လေးပွဲစလုံး အနိုင်ရကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ၁၆ ဦးရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရသည်။ နေသွေးဦးသည် ၁၆ ဦးရှုံးထွက်အဆင့်တွင် ယူတာပေါ့ (ထိုင်း)ကို လေးပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် နာမည်ကြီးကစားသမား ပီတာဂေးလ်ခရစ် (စင်ကာပူ) ကို လေးပွဲ- နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ပီတာဂေးလ်ခရစ်သည် ယခုပြိုင်ပွဲ၏ Long Up ပြိုင်ပွဲတွင် ချန်ပီယံဆုရထားသူဖြစ်ပြီး ကမ္ဘာ့ချန်ပီယံအကြိမ်ကြိမ် ရထားဖူးသူဖြစ်သည်။ နေသွေးဦးသည် လက်စွမ်းပြကစားကာ ပီတာဂေးလ်ခရစ်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်တွင် အိန္ဒိယကစားသမား ကိုသရီကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ကိုသရီကို ငါးပွဲ-သုံးပွဲဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် နှစ်ပွဲပြတ်ဖြင့် တစ်ကြိမ်၊ သုံးပွဲ-တစ်ပွဲဖြင့် တစ်ကြိမ် ဦးဆောင်ပြီးမှ ကိုသရီက ဆက်တိုက်အနိုင်ရသောကြောင့် ၃-၃ပွဲစီ ဖြစ်သွားကာ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။ သို့သော် နေသွေးဦးသည် ပွဲငယ်နှစ်ပွဲဆက်တိုက် ၁၅၀-၀ မှတ်၊ ၁၅၂-၀ မှတ်ဖြင့် ပြိုင်ဘက်ကို အမှတ်မပေးဘဲ လက်စွမ်းပြ အနိုင်ယူခဲ့သည်။ မြန်မာကစားသမားများအနက် ချစ်ကိုကိုနှင့် မင်းစည်သူထွန်းမှာ ကွာတားဖိုင်နယ်၊ အောင်ဌေးမှာ ၁၆ ဦးရှုံးထွက်အဆင့်၊ ပေါက်စနှင့် အောင်ဆန်းဦးမှာ ၂၄ ဦးရှုံးထွက်အဆင့်မှ ထွက်ခဲ့ရသည်။

နေသွေးဦးသည် ဘိလိယက် 150 Up ပြိုင်ပွဲ ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ယခုနှစ်ဗိုလ်လုပွဲတွင် အက်ဗာနီ ( အိန္ဒိယ)နှင့် တွေ့ဆုံခဲ့သည်။ နေသွေးဦး၏ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၅ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၁၁ မှ*

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၃၄ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၀.၂၀ | ၁၂၃ | - | ၀.၂၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၃၅ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၄.၅၀ | ၁၂၃၄ | ၀.၃၀ | ၁.၅၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| ၃၆ | တမန်းဒူးရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၄.၇၅ | ၆၇၈ | ၃၄.၈၅ | ၆၈၂ | - | ၀.၁၀ |
| | | မြေပုံမြို့ | ၁၁.၇၅ | ၇၅ | | | | |
| ၃၇ | ခမီကြိမ်ချောင်း | စစ်တွေခရိုင်/ | ၇၈ | ၁၀၇၇၇ | ၇၈.၃၀ | ၁၀၈၈၉ | - | ၀.၃၀ |
| | | ပုဏ္ဏားကျွန်းမြို့ | ၂၈ | ၇၁၀ | | | | |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၃၈ | လဂွမ်းပြင်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၅၄ | ၁၄၈၀၀၀ | ၅၄.၉၀ | ၁၅၁၅၀၀ | ၀.၂၅ | ၀.၉၀ |
| | | လှည်းကူးမြို့ | ၁၈ | ၅၁၆၀ | | | | |
| ၃၉ | မဟူရာ(ငမိုးရိပ်)ရေကူ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၀.၆၀ | ၅၅၁၃၃ | ၀.၂၀ | ၀.၆၀ |
| | ရေလှောင်တမံ | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | |
| ၄၀ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၄.၄၀ | ၂၀၅၆၀၀ | ၀.၁၉ | ၂.၄၀ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | |
| ၄၁ | တဘူးလှရေလှောင်တမံ | ရန်ကုန်(မြောက်ပိုင်း)ခရိုင်/ | ၈၅ | ၁၉၄၆၀၀ | ၈၆.၃၀ | ၂၀၁၈၀၀ | - | ၁.၃၀ |
| | | တိုက်ကြီးမြို့ | ၄၅ | ၂၄၃၂၅ | | | | |
| ၄၂ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၄.၁၀ | ၁၉၇၇ | ၁.၃၀ | ၁.၁၀ |
| | | ကျောက်တန်းမြို့ | ၂.၅၀ | ၁၅၀ | | | | |
| ၄၃ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၀၅ | ၆၁၀၇ | ၀.၂၁ | ၁.၀၅ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၄၄ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၂၀ | ၄၁၀၆၄ | - | ၁.၂၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၄၅ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၈၀ | ၁၄၈၄၀၂ | - | ၁.၈၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

● *ကျောဖုံးမှ*

အဆိုပါ ပြိုင်ပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင် မန်းထွန်းကြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၁၉ခုနှစ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ယူ- ၁၇ ဘောလုံး(အမျိုးသား)ပြိုင်ပွဲများကို စက်တင်ဘာ ၁၅ ရက်တွင် ရပ်နားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင် တတိယလုပွဲ ပွဲစဉ်အဖြစ် နံနက် ၇နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်များကို (MRTV) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဘောလုံးအားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လီဗာပူး၊ မန်ယူ၊ စပါးနှင့် ချယ်လ်ဆီး နိုင်ပွဲရခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၅)



အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၅) မှ အစောဆုံးပွဲစဉ်တစ်ပွဲဖြစ်သော စက်တင်ဘာ ၁၄ ရက် စနေနေ့ညတွင် အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် နယူးကာဆယ်ပွဲတွင် လီဗာပူးအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်လီဗာပူး အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ဆာလက်၊ မာနေးနှင့် အိုရီဂီတို့ ပွဲထွက်ခဲ့သည်။ ဧည့်သည် နယူးကာဆယ်အသင်းသည် ၅-၄-၁ ကစားကွက်ဖြင့် ဂျိုလင်တန်ကို အထောင်ထားပွဲထွက်လာသည်။ ပထမပိုင်း ပွဲစပြီး ၇ မိနစ်တွင် နယူးကာဆယ် နောက်တန်း ကစားသမား ဝီလမ်စ်က ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် မာနေးက လီဗာပူးအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် လီဗာပူးတိုက်စစ်မှူး အိုရီဂီ ဒဏ်ရာရရှိခဲ့၍ ဖာမီနိုနှင့် လူစားလဲခဲ့ပြီး မိနစ် ၄၀ တွင် မာနေးက အနိုင်ဂိုး ထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းပြီးချိန်တွင် လီဗာပူးတို့ နှစ်ဂိုး- တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နယူးကာဆယ် နည်းပြစတိဗ်ဘရစ်သည် လူစားလဲမှုများ ပြုလုပ်ခဲ့ပြီး ချေပဂိုးရရှိရန် ကစားကွက်ပြောင်းလဲခဲ့သည်။ ဒုတိယပိုင်း ၇၂ မိနစ်တွင် လီဗာပူးအတွက် တတိယမြောက်အနိုင်ဂိုးကို ဖာမီနိုဖန်တီးမှုမှတစ်ဆင့် ဆာလက်က သွင်းယူခဲ့သည်။ ယင်းပွဲတွင် အိမ်ရှင်လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၂၀ ကြိမ်အထိ ရရှိကာ ကိုးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဧည့်သည်နယူးကာဆယ်အသင်းသည် ရှစ်ကြိမ်ဂိုးကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပွဲစဉ်(၅) ယှဉ်ပြိုင်အပြီးတွင် လီဗာပူးအသင်းသည် တစ်သင်းတည်းသော ငါးပွဲဆက်အနိုင်ယူထားသည့် အသင်းဖြစ်ပြီး ဇယားထိပ်တွင်ဆက်လက်ဦးဆောင်နေသည်။ နယူးကာဆယ်သည် တစ်ပွဲသာ အနိုင်ရရှိထားပြီး သုံးပွဲရှုံး၊ တစ်ပွဲသရေ ရမှတ်လေးမှတ်သာ ရရှိထားသည်။

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့် မန်ယူအသင်းသည် လက်စတာအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကာ ယင်းဂိုးကို ရက်ရှ်ဖို့ဒ်က ပယ်နယ်တီသွင်းဂိုးဖြင့် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ စပါးက အိမ်ကွင်းတွင် ပဲလေ့စ်ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ချယ်လ်ဆီးက အဝေးကွင်း၌ ဝုလ်ကို ငါးဂိုး-နှစ်ဂိုး၊ ဆောက်သမ်တန်က ရှက်ဖီးလ်ယူ ကို တစ်ဂိုး-ဂိုးမရှိ၊ ဘရိုက်တန်နှင့် ဘန်လေပွဲတွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**

## ညစ်တွန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ညစ်တွန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့ညက ရန်ကုန်မြို့ Junction City JCGV အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသသည့် Premier Show အထူးပြပွဲမှ သိရသည်။

ညစ်တွန်း ဇာတ်ကားတွင် ဇာတ်လမ်းနှင့် ဇာတ်ညွှန်း Rajat Arora (အိန္ဒိယ)၊ မင်းခိုက်စိုးစန်၊ ထက်မြက်နိုင်ဇင်၊ သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီ လူမင်း၊ ပြေတီဦး၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်နှင့် ထက်ထက်ထွန်း၊ နေဆန်း၊ ညောင်ညောင်၊ ထူးသာနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဇေရတ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

“ ဟိုအရင် ကျွန်တော်ရိုက်ထားတဲ့ ဇာတ်ကားတွေနဲ့ မတူအောင် ဒီဇာတ်ကားကို အရည်အသွေးကောင်းဖို့ အဓိကထားရိုက်ထားပါတယ်။ ရန်ကုန်မှာပဲ ရိုက်ထားပါတယ်။ ပရိသတ်တွေဆီကရတဲ့ ပိုက်ဆံနဲ့ ရိုက်တာဖြစ်ပါတယ်။ ဒီလိုကားမျိုး ပရိသတ်ကိုချပြလိုက်ရရုံနဲ့ ကျေနပ်ပါပြီ။ ပြန်မြတ်တာရှုံးတာက ကံပဲလေ”ဟု ဒါရိုက်တာနှင့် သရုပ်ဆောင် အကယ်ဒမီ လူမင်းက ပြောသည်။

“ ဘဝမှာ စိတ်ညစ်စရာတွေရှိမယ်။ ညစ်တွန်းမတွန်းဘဲနဲ့ စိတ်ညစ်စရာမတွေးဘဲ အကောင်းဘက်ကပဲတွေးမယ်။ လူတစ်ယောက်နဲ့ တစ်ယာက်လည်း သတ်ချင်လောက်အောင် မုန်းလို့ရသလို ဒီလူကို ပြန်ပြီး စာနာနားလည်ပေးနိုင်ရင်လည်း တကယ့်မိတ်ဆွေကောင်း တစ်ယောက် ဖြစ်သွားနိုင်တယ်ဆိုတဲ့ မက်ဆေ့ချ်လေးလည်း ရတယ်။ တကယ့်လူမှုပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ သဘာဝတရားလေးတွေ ရှိပါတယ်။ မခိုင်တို့တွေရုပ်ကွက်ထဲမှာ မြင်ရတာပဲ။ ဒီကားထဲမှာ သူတို့ခမျာ ကလေးကျောင်းစရိတ်ရဖို့ ရုန်းကန်ရတဲ့ အန်ကယ်လေးရဲ့ ကာရိုက်တာက လူယုတ်မာလည်း မဟုတ်၊ လူလိမ်လည်း မဟုတ်ဘူး။ အဓိကက ဇာတ်ညွှန်းကောင်းသွားတာနဲ့ ကိုလူမင်းကလည်း ကောင်းကောင်း ရိုက်တော့ ပိုကောင်းသွားတာပါ။ လူဆိုတာက ကိုယ်ရောက်တဲ့နေရာမှာ ကိုယ်ရတဲ့အခွင့်အရေးနဲ့ ကိုယ်ရတဲ့အကျိုးအမြတ်လေးနဲ့ ပျော်အောင်နေတတ်ရင် လူတွေပေါ်မှာ အကောင်းမြင်တတ်ရင် ဘဝကြီးက ပျော်စရာကြီးပါ” ဟု အကယ်ဒမီ ခိုင်သင်းကြည်က ပြောသည်။

“ဒီကားထဲမှာ ထက်က စန္ဒီဆိုတဲ့ နာမည်လေးနဲ့ Dancer အနေနဲ့ ပါဝင်ထားပါတယ်။ ပထမဆုံးဇာတ်ကားဆိုတော့ အိုက်တင်တွေ ကြိုလေ့ကျင့်တာတော့ မရှိပါဘူး။ နှစ်ညတိတိ အကလေ့ကျင့်ခဲ့ရပါတယ်။ အရင်က Dancer လုပ်ဖူးပါတယ်။ ဆယ်စုနှစ်ကြာ ပြန်ကတဲ့အခါမှာ အရင်လိုသွက်လက်မှု သိပ်မရှိတော့ဘူး။ အန်ကယ်လေးတို့၊ မခိုင်လေးတို့ဆီက လက်တွေ့ရိုက်တဲ့အခါ သင်ယူတတ်ရင် သင်ယူတတ်သလို ပညာတွေရပါတယ်” ဟု သရုပ်ဆောင် ထက်ထက်ထွန်းက ပြောသည်။

**သန့်ဇင်ဝင်း**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၄- ၉ - ၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ ပါ ဒုတိယဝန်ကြီး ဦးစိုးအောင် ပေကျင်းမြို့အခြေစိုက် "UN -SPIDER"ရုံး၏ (၁၀)နှစ်ပြည့် အခမ်းအနားနှင့် သဘာဝဘေး အန္တရာယ်လျော့ပါးရေးအတွက် အာကာသအခြေပြု နည်းပညာများမှ သတင်းအချက်အလက်များ အသုံးချခြင်း မူဝါဒပိုင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ တက်ရောက် သတင်း၏ ကော်လံ ၂ တွင် ပါရှိသည့် ဆန်ဒိုင်းမူဘောင် “လုပ်ငန်းစဉ် (၅) ရပ်” အစား“လုပ်ငန်းစဉ် (၄) ရပ်” ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်။

# မုံရွာမြို့တွင် ကာရာအိုကေဆိုင် မီးလောင်မှုဖြစ်

**မုံရွာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ကာရာအိုကေဆိုင်၌ ယမန်နေ့မွန်းလွဲပိုင်းက ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်ကြောင်း သိရသည်။

မုံရွာမြို့မြို့သစ်ရပ်ကွက်၌ ယမန်နေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က Beauty Gold ကာရာအိုကေဆိုင်၏ တစ်ထပ်အဆောက်အအုံ မျက်နှာကြက်ပေါ်တွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများ ရှော့ဖြစ်ရာမှ အပူလွန်ကဲကာ မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုနှင့် ပတ်သက်၍ မန်နေဂျာ ဦးထွန်းထွန်းနိုင်အား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



မီးလောင်မှုဖြစ်သည့် ကာရာအိုကေဆိုင်အား ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။

# မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်ဒေသအတွင်း တရားမဝင် ရွှေတူးဖော်နေသည့် ဘက်ဟိုးယာဉ် ၁၂ စီးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုင်းနောင်ကျေးရွာအနီး အင်းတော်ကြီးကန်ဘေးမဲ့တော ဧရိယာအတွင်း တရားမဝင် ရွှေတူးဖော်နေသည့် ဘက်ဟိုးယာဉ် ၁၂ စီးနှင့် ဆက်စပ်ပစ္စည်းများကို စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိခဲ့ကြောင်း ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာနရုံးမှ သိရသည်။

အင်းတော်ကြီးကန်ဘေးမဲ့တော ဧရိယာအား ထိခိုက်ပျက်စီးနိုင်သည့် မိုင်းနောင်ကျေးရွာအနီး အင်းတော်ကြီးကန်သို့ စီးဝင်သော ချောင်းတုံချောင်းဖျားတစ်လျှောက် ဘက်ဟိုးယန္တရားများဖြင့် တရားမဝင် ရွှေတူးဖော်လျက်ရှိကြောင်း၊ ရွှေတူးဖော်မှုကြောင့် ချောင်းတုံချောင်းတစ်လျှောက် စွန့်ပစ်မြေစာများ နုန်းအနည်အနှစ်များဝင်ရောက်ခြင်း၊ ရေများနောက်ကျိခြင်း၊ ချောင်းပျက်စီးနေကြောင်း သတင်းအရ ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နန့်မွန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တပ်မတော်စစ်ကြောင်း ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် သွားရောက်စစ်ဆေးခဲ့သည်။

ပူးပေါင်းအဖွဲ့စစ်ဆေးစဉ် မိုင်းနောင်ကျေးရွာတွင် တရားမဝင်ရွှေတူးဖော်နေသည့် ဘက်ဟိုးခုနစ်စီးနှင့် မမုံကိုင်ကျေးရွာမှ ဘက်ဟိုးငါးစီး၊ စုစုပေါင်း ၁၂ စီး၊ အင်ဂျင်စက်များနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရရှိသဖြင့် လုံးတုံနယ်မြေ ရဲစခန်းတွင် ဥပဒေအရအမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟစည်သူ**

# နတ်တလင်း၌ မိုးကြိုးပစ်ခံရ၍ လူတစ်ဦး သေဆုံး

**နတ်တလင်း စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တဲတန်းလေးကျေးရွာတွင် ယမန်နေ့ည ၆ နာရီခွဲက လယ်ကွင်းထဲ၌ မိုးကြိုးပစ်ခံရ၍ လူတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ယမန်နေ့က တဲတန်းရွာ တောင်ယာတောအုပ်စုနေသူ ဦးကိုဇော် (၃၆ နှစ်) သည် ၎င်း၏ ယောက်ဖဖြစ်သူ ကျော်ဇေယျနှင့်အတူ လယ်ကွင်းအတွင်း ငါးရှဉ့်မြှုံးအတူ ထောင်ပြီးပြန်လာစဉ် မိုးကြိုးပစ်သံကြားရကြောင်း၊ ကျော်ဇေယျမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိသော်လည်း ဦးကိုဇော်မှာ နေအိမ်သို့ ပြန်လာခြင်းမရှိသဖြင့် ကျော်ဇေယျက လိုက်လံရှာဖွေရာ လယ်ကွင်းထဲ၌ ငါးရှဉ့်မြှုံးထောင်နေစဉ် မိုးကြိုးပစ်ခံရပြီး သေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။ ၎င်းအား တာပွန်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားပြီး နတ်တလင်းမြို့နယ် ရဲစခန်းတွင် သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**တင်မြင့် (နတ်တလင်း)**

# ပဲခူးမြို့ မြစ်ရေကြီးမှုကြောင့် ရေဘေးရှောင်စခန်း ၂၆ ခုထိ ဖွင့်ထား

**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးမြစ် ရေကြီးရေလျှံမှုကြောင့် ပဲခူးမြို့ပေါ်တွင် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းအထိ ရေဘေးရှောင်စခန်း ၂၆ ခုထိ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ရေဘေးရှောင်ပြည်သူများအတွက် ဆက်သွယ်လှူဒါန်းနိုင်ရန် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံမြေ ဗိမာန်တွင် ပဲခူးတိုင်းဒေသကြီးရေဘေးကယ်ဆယ်ရေးစီမံခန့်ခွဲမှုကော်မတီဗဟိုဌာနအဖြစ်ဖွင့်လှစ်ထားရှိရာ ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၂၆ ခု၌ စက်တင်ဘာ ၁၃ ရက် စာရင်းအရ အိမ်ထောင်စု ၄၅၁၆၊ လူဦးရေ ၂၁၇၁၀ ဦး ရှိသည်။

"လောလောဆယ်တော့ အဓိက ကဆန်၊ ဆီ လိုပါတယ်။ ရေက တရိပ်ရိပ်တက်လာတော့ အိမ်မှာအစားသောက်တွေက ပျက်စီးသွားမှာပဲ။ နောက်အလုပ်တွေပျက်ပြီး မလုပ်နိုင်၊ မဆင်းနိုင်တော့ စားဖို့အခက်အခဲရှိပါတယ်။ ဒါကြောင့် ရေပြန်ကျပြီးရင် ပြန်လည်ထူထောင်ရေးအတွက် အစားအသောက်တွေလိုပါတယ်" ဟု မြို့သစ်ရေဘေးရှောင်စခန်းမှ တာဝန်ခံက ပြောကြားသည်။

၎င်းတို့၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ သန့်ရှင်းရေးကိစ္စများအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ပြောကြားသည်။

**ဟိန်းထက် (ပဲခူး)**




ပဲခူးမြစ်ရေကြီးမှုကြောင့် ကားလမ်းများ ရေကျော်နေမှုကို တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၄၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "မြတ်ဗုဒ္ဓရုပ်ပွား ရေဆန်ကျွန်းဘုရား"
- ၉း၁၀ - ထိုင်ခုံခါးပတ်ပတ်ခြင်းဖြင့် သင့်အသက်ကို ကာကွယ်ပါ
- ၉း၁၅ - ကျန်းမာရေးမဂ္ဂဇင်း "ဆင်တုပ်ကွေး၊ သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေးရောဂါ အကြောင်း သိကောင်းစရာ"
- ၉း၃၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၂၅ - ရေကြီးရေလျှံမှုအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
- ၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ - လှပစုံလင်အာဆီယံတစ်ခွင်
- ၁၂း၃၀ - သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ
- ၁၂း၅၀ - မြန်မာဂန္ထဝင်ရုပ်ရှင် "ငါ့ညီ ငါ့မြေ ငါ့အမေ" (ညွန့်ဝင်း၊ ဝင်းဗိုလ်၊ ကြည်ကြည်ဌေး) ဒါရိုက်တာ-ညွန့်ဝင်း
- ၁၅း၀၀ - သက်ငယ်မုဒိမ်းကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

**ညပိုင်း**

- ၁၅း၁၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Shan United FC Vs Rakhine United FC)
- ၁၇း၅၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်ပါ
- ၁၈း၂၅ - အခြေခံမူလတန်းဆင့်သင်ရိုးသစ် (Jica)
- ၁၈း၃၀ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီ" (အုန်းခွံ)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - "သာစွဌာနေမော်လိုက်မြေ"
- - "ဟိုဘက်အိမ်ကမီးထိန်ထိန်" (အပိုင်း-၂)

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ**

အမှတ် (၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒုရဲမှူးကြီးကျော်မင်းလှိုင် ဦးစီးတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း၊ မိသားစုဝင် ၇၀ တို့သည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီး၊ သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**



နယ်မြေခံတပ်မတော်မှ ဗိုလ်မှူးချုပ် သိန်းနိုင်ဦးစီးသော အရာရှိ၊ စစ်သည် ၅၉ ဦးနှင့် တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၃၁ ဦးတို့သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တောင်ကုတ်မြို့ ခုတင် ၁၀၀ ဆေးရုံဝင်းအတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)



အမှတ် (၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် ဇော်ထွန်းအောင်၊ အမှတ် (၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး စံရွှေမောင်တို့ ဦးဆောင်သော အမှတ် (၁၉) လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက်က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ ရဲပြန်ကြား



ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲမှူးရုံး (လက်ပံတန်း)မှ တပ်ခွဲမှူး ဒုတိယရဲမှူး အောင်ဆန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၂၀ တို့သည် လက်ပံတန်းမြို့ လောကမာရ်အောင် ရွှေဘုန်းရောင်စေတီတော် ပရိဝုဏ်အတွင်း၊ အပြင်ရှိ အမှိုက်ချုံနွယ်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ဗထူး

**မင်းတပ်**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းတပ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲလွင်ဦး ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၆၅ ဦးက အထက (၂) ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

**ခိုရှိန်း**

**တောင်ငူ**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း ဦးစီးသော ရဲအရာရှိ၊ စစ်သည် ရဲမေများ၊ အမှတ် ၁၂ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ အရာရှိစစ်သည်ယာဉ်ထိန်းရဲမေများသည် ယနေ့ နံနက်ပိုင်းက တောင်ငူပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။

**သူရ (တောင်ငူ)**

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဝေ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက် နံနက်က အင်းစိန် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။ **၁၆၄**

# စပိန်နိုင်ငံအရှေ့တောင်ပိုင်းတွင် ရာသီဥတုဆိုးရွားမှုကြောင့် လူသုံးဦး သေဆုံး

**ဗလင်စီယာ စက်တင်ဘာ ၁၄**

စပိန်နိုင်ငံ အရှေ့တောင်ပိုင်း တစ်လျှောက်တွင် ရာသီဥတုဆိုးရွားနေသည့်အတွက် လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

တတိယမြောက် လူသေဆုံးမှုမှာ အယ်မီးရီးယားမြို့တွင် စက်တင်ဘာ ၁၃ ရက်က ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဥမင်လိုဏ်ခေါင်းအတွင်း ရေများ ရုတ်တရက်ဝင်ရောက်လာပြီးနောက် ကားပေါ်တွင်ရှိသည့် သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးမှာ သေဆုံးခဲ့ရသည်။

မိနစ်အနည်းငယ်အတွင်း အဆိုပါလိုဏ်ခေါင်းအတွင်း ရေများပြည့်သွားပြီးနောက် ကားပေါ်ရှိလူပိတ်မိပြီး သေဆုံးသွားခဲ့ရခြင်းဖြစ်သည်။ စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ကလည်း ခက်ခဲပြီး ကြမ်းတမ်းသည့်နေ့ဟု ပြောဆိုခဲ့သည်။ နေရာဒေသအတော်များများတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းနိုင်ကြောင်း သတိပေးမှုများ ထုတ်ပြန်ထားသည်။

အယ်မီးရီးယားမြို့တွင် သေဆုံးမှုမှာ လူသုံးဦး ရှိသွားပြီဖြစ်သည့်အတွက် ဝမ်းနည်းမိကြောင်း စပိန်ဝန်ကြီးချုပ်က ပြောသည်။ စက်တင်ဘာ ၁၂ ရက်ကလည်း ဗလင်စီယာမြို့အနောက်တောင်ဘက် မိုင် ၆၀ အကွာရှိ ကော်ဒီတီနယ်မြေတွင် အသက် ၆၁ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၅၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့သည် ကားမောင်းနှင်လာစဉ် ရေများ ရုတ်တရက်တက်လာပြီး ရေစီးနှင့်အတူ မျောပါသွားပြီးနောက် အသက်ဆုံးရှုံးခဲ့ရသည်။


အယ်မီးရီးယားမြို့တွင် ရွံ့နွံအတွင်းနစ်နေသည့် ကားတစ်စီးကို တွေ့ရစဉ်။

စက်တင်ဘာ ၁၁ ရက်မှစတင်ကာ စပိန်နိုင်ငံအရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မုန်တိုင်းကျရောက်မှုတို့ကိုရင်ဆိုင်ခဲ့ရသည်။ နိုင်ငံ၏ မိုးလေဝသဌာနကလည်း ရာသီဥတုအခြေအနေကို အရေးပေါ်အဆင့်သတ်မှတ်ကြေညာထားသည်။ ရုတ်တရက်ရေကြီးမှုများသည် နေရာမရွေးဖြစ်ပေါ်နေပြီး လမ်းပိတ်မှုများဖြစ်ပေါ်ကာ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်များ ထိခိုက်ခဲ့ရသည်။

**စီအင်န်အင်န်**

# ရီယိုဒီဂျနေရိုးမြို့ရှိ ဆေးရုံမီးလောင်မှုကြောင့် လူ ၁၁ ဦး သေဆုံး

**ရီယိုဒီဂျနေရိုး စက်တင်ဘာ ၁၄**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့ရှိ ဆေးရုံပေါ်တွင် မီးလောင်မှုကြောင့်လူပေါင်း ၁၁ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သိရသည်။

သေဆုံးသူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပြီး ဆေးရုံမှဝန်ထမ်းများနှင့် ဆေးရုံသို့ သတင်းမေးလာရောက်ကြသူများမှာ မီးခိုးငွေ့များကြားမှ လူနာများကို ကယ်တင်နိုင်ရေး ကြိုးပမ်းခဲ့ကြသည်။ စက်တင်ဘာ ၁၂ ရက် ညပိုင်းတွင် ဆေးရုံမှ မီးအားပေးစက် တစ်လုံး ရှော့ဖြစ်မှုကြောင့် မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ဆေးရုံအာဏာပိုင်များကပြောသည်။


ဆေးပစ္စည်းကိရိယာများကို သယ်ဆောင်လာသည့် ဆေးလုပ်သားများကို တွေ့ရစဉ်။

ပုဂ္ဂလိက ဆေးရုံဖြစ်သည့် ဘာဒင်ဆေးရုံတွင် မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်သမားများက ကြိုးပမ်းခဲ့ကြသည်။ သေဆုံးသူများမှာ အသက် ၆၆ နှစ်နှင့်အထက် လူများဖြစ်ပြီးအများစုမှာ အထူးကြပ်မတ်ကုသဆောင်တွင် ထားရှိသောလူများဖြစ်ကြသည်ဟု မြို့တော်မှ မှုခင်းဆေးပညာအဖွဲ့အစည်းက ပြောသည်။

စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မီးလောင်ခဲ့သည့် အဆောက်အအုံတွင် ရှာဖွေမှုများပြုလုပ်ခဲ့ကြသည်။ မီးလောင်သည့်အချိန်တွင် ဆေးရုံ၌ လူနာ ၁၀၃ ဦးရှိခဲ့ပြီး ဆရာဝန် ၁၀၀ ခန့်မှာ လူနာများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရေး ကြိုးပမ်းခဲ့ကြသည်။ လူနာများထဲမှ ၇၇ ဦးကို အခြားဆေးရုံသို့လွှဲပြောင်းပေးခဲ့ပြီး ၁၄ ဦးမှာ ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားကြပြီဖြစ်သည်။

**အေအက်ဖ်ပီ**

# အမေရိကန်ဖျက်သင်္ဘော ပါရာဆယ်ကျွန်းစုအနီး ရေကြောင်းသွားလာခဲ့

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်ရေတပ်သင်္ဘောစုအမှတ်-၇မှ အဆင့်မြင့်အရာရှိတစ်ဦးက အမေရိကန်ဖျက်သင်္ဘောတစ်စင်းဖြစ်သည့် ယူအက်စ်အက်စ်ဝိန်းအီးမေရာသည် ပါရာဆယ်ကျွန်းစုအနီးရေပိုင်နက်ကို စက်တင်ဘာ ၁၃ ရက်က ရေကြောင်းသွားလာမှု ဆောင်ရွက်ခဲ့ကြောင်း ပြောကြားလိုက်သည်။


အမေရိကန်ဖျက်သင်္ဘော ယူအက်စ်အက်စ်ဝိန်းအီးမေရာကို တွေ့ရစဉ်။

အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသော မည်သည့်နေရာတွင်မဆို အမေရိကန်က ရေကြောင်းသွားလာမှုနှင့် လေကြောင်းသွားလာမှုများ ဆောင်ရွက်နိုင်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားလိုက်သည်။

ထို့အတူ အမေရိကန်ရေတပ်သည် စပရက်တလေ ကျွန်းစုနားသို့လည်း လွန်ခဲ့သည့် ဩဂုတ်လက ခုတ်မောင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ထိုသို့ ရေကြောင်းသွားလာမှုများကို တောင်တရုတ်ပင်လယ်ပြင်တွင် မကြာခဏလုပ်ဆောင်ခဲ့သည်။

ကမ္ဘာ့စီးပွားရေး အင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးအငြင်းပွားမှုများ ဖြစ်နေသည့်အချိန်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံနှင့် အချို့ကဏ္ဍများတွင် ဆွေးနွေးညှိနှိုင်းသဘောတူညီမှုရရန် ကြိုးစားနေသည့်အတွက် တရုတ်နိုင်ငံနှင့် ထိပ်တိုက်တွေ့ဆုံခြင်းကို ရှောင်ရှားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# မာလီနိုင်ငံတွင် လူပေါင်း ၃ ဒသမ ၉သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိ

**ဘာမာကို စက်တင်ဘာ ၁၄**

မာလီနိုင်ငံတွင် လူမျိုးစုများအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်သောကြောင့် လူပေါင်း ၃ ဒသမ ၈ သန်းခန့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောသည်။

ယခုနှစ်အစပိုင်းမှစတင်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေသည့် ပမာဏမှာ ၂၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး လက်ရှိအခြေအနေအရ မာလီနိုင်ငံသား ငါးဦးလျှင် တစ်ဦးမှာ ကုလသမဂ္ဂကပေးသည့် အကူအညီများကို မှီခိုနေရသည်ဟု စတီဖင်ဒူဂျာရစ်ကပြောသည်။ ပြည်တွင်း၌ပင် ရွှေ့ပြောင်း နေထိုင်သူအရေအတွက်မှာလည်း ဇူလိုင်လကုန်တွင် ၁၇၀၀၀၀ ခန့် ရှိလာကြောင်း သိရသည်။

၂၀၁၂ ခုနှစ် မတ်လမှ စတင်ကာ လူမျိုးစုများကြားတိုက်ပွဲများဖြစ်ပေါ်သည့် အချိန်မှစကာ လက်ရှိအချိန်အထိ လူဦးရေ ငါးသိန်းကျော်သည် အစားအသောက် မဖူလုံမှုနှင့် ရင်ဆိုင်နေရသည်။

**ဆင်ဟွာ**

# ဆော်ဒီအာရေဗျနိုင်ငံ ရေနံလုပ်ငန်းအဆောက်အအုံများကို ဒရုန်းများဖြင့် တိုက်ခိုက်

**ရီယာ့ဒ် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၄ ရက်က ဆော်ဒီအာရေဗျနိုင်ငံ အာရမ်အား ရေနံကုမ္ပဏီ၏ လုပ်ငန်းခွင် နေရာနှစ်ခုကို ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါမီးလောင်မှုကို ထိန်းသိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း ဒေသခံမီဒီယာများတွင် သတင်းဖော်ပြထားသည်။

တိုက်ခိုက်မှုသည် မြို့တော်ရီယာဒ့်အရှေ့မြောက် ကီလိုမီတာ ၃၃၀ အကွာ ဘတ်ယက်တွင်တည်ရှိသော လုပ်ငန်းခွင်နေရာများနှင့် ခူရေ့စ်ရေနံမြေတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်ကို ကိုးကားပြီး ဆော်ဒီသတင်းအေဂျင်စီများတွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုကြောင့် လူသေဆုံးမှု ရှိ မရှိ ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးချေ။ ထို့အတူ ယင်းတိုက်ခိုက်မှုကြောင့် ကမ္ဘာ့အကြီးဆုံး ရေနံလုပ်ငန်းအဆောက်အအုံများ ပျက်စီးမှုအခြေအနေကို လတ်တလောတွင် မသိရသေးချေ။ အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခြင်း ဖြစ်ကြောင်းလည်း ရှင်းရှင်းလင်းလင်းမသိရသေးချေ။

**ဆင်ဟွာ**


ဆော်ဒီအာရေဗျနိုင်ငံရှိ ခူရေ့စ်ရေနံမြေတစ်နေရာကို တွေ့ရစဉ်။

# အမေရိကန်သမ္မတကိုယ်စားလှယ်လောင်းများ တတိယအကြိမ်စကားစစ်ထိုး

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်ဒီမိုကရက်တစ် သမ္မတကိုယ်စားလှယ်လောင်းများ၏ တတိယအကြိမ်စကားစစ်ထိုးပွဲကို လွန်ခဲ့သည့်ရက်က တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် ကျင်းပခဲ့သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ထိပ်ဆုံးကပြေးနေသည့် သမ္မတကိုယ်စားလှယ်လောင်း ၁၀ ဦး၏ စကားစစ်ထိုးပွဲတွင် ကျန်းမာရေးစောင့်ရှောက်မှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာကိစ္စရပ်များကို အကြိတ်အနယ် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

အေဘီစီရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သည့် အဆိုပါစကားစစ်ထိုးပွဲသည် ထိပ်တန်း ဒီမိုကရက်တစ်သမ္မတကိုယ်စားလှယ်လောင်းများအားလုံးပါဝင်သည့် ပထမဆုံးပွဲဖြစ်ကြောင်းသိရပြီး တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ဝေဖန်တိုက်ခိုက်ပြောဆိုကြကြောင်း သိရသည်။

လက်ရှိတွင် ထိပ်ဆုံးမှပြေးနေသည့် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒန်က ကျန်းမာရေးစောင့်ရှောက်မှုချဲ့ထွင်ရေးနှင့်ပတ်သက်ပြီး ၎င်း၏အစီအစဉ်များကို ကာကွယ်ပြောကြားလိုက်သလို ၎င်းပြိုင်ဘက်များ၏ မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်း စိန်ခေါ်လိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မျက်ရည်သွန်းလို့ ဘဝင်ညှိုး ၉/၁၁ အကြမ်းဖက်အဖြစ်ဆိုး

## ထွန်းသစ်စ

**(၁၈)နှစ်ပြည့်မြောက်ခဲ့လေပြီ။ ဟုတ်ပါတယ်၊ အမေရိကန် နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံဟာ ၉/ ၁၁ အကြမ်းဖက်တိုက်ခိုက်ခံရတာ အခုဆိုရင် (၁၈) နှစ်ပြည့်မြောက်ခဲ့ပါပြီ။ ဒါကြောင့်လည်း အမေရိကန်တစ်နိုင်ငံလုံး (၁၈) နှစ်ပြည့်မြောက်တဲ့ နှစ်ပတ်လည်နေ့ကို ဝမ်းနည်းပူဆွေးမှုအပြည့်နဲ့ ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။ ရင်ထဲမှာလည်း သောကတွေနဲ့ပေါ့။ အကြမ်းဖက်တိုက်ခိုက်ခံရမှုမှာ စတေးခဲ့တဲ့သူတွေကိုလည်း အမေရိကန်သူရဲကောင်းတွေအဖြစ် တင်စားခဲ့ကြပါတယ်။**

**တာလီဘန်တွေကို တိုက်ခိုက်မယ်**

ဒီအကြမ်းဖက်တိုက်ခိုက်မှုကို အယ်လ်ကိုင်ဒါ အကြမ်းဖက်အုပ်စုက ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် အမေရိကန်ဟာ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက်မှာ အယ်လ်ကိုင်ဒါ အကြမ်းဖက်အုပ်စုတွေ ပုန်းအောင်းနေတယ်လို့ ယူဆရတဲ့ အာဖဂန်နစ္စတန်ကို စစ်ခင်းလိုက်ပါတယ်။ အာဖဂန်နစ္စတန်မှာ တာလီဘန်ကလည်းရှိနေတော့ အကြမ်းဖက်မှုတွေ ထပ်ဖြစ်လာမယ့် အနေအထားကလည်း ကြောက်စရာပါ။ ဒါကြောင့် အခုနှစ်ပတ်လည်နေ့အခမ်းအနားမှာ တာလီဘန်တွေကို အရင်ကထက်ပိုပြီး အထိနာအောင် တိုက်ခိုက်သွားမယ်လို့ အမေရိကန်သမ္မတထရမ့်က ကြွေးကြော်လိုက်ပါတယ်။

အာဖဂန်နစ္စတန်နဲ့ သမိုင်းဝင်မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖျက်သိမ်းလိုက်ပြီးနောက်မှာ အမေရိကန်သမ္မတထရမ့်က အခုလို ကြုံးဝါးလိုက်တာဟာ အမေရိကန်မြေပေါ်မှာ ဖြစ်ပွားခဲ့တဲ့ ၉/ ၁၁ တိုက်ခိုက်ခံရမှုမှာ အသက်ပေးသွားတဲ့ သူတွေရဲ့ ဆွေမျိုးနီးစပ်တွေ အတွက်တော့ အားတက်စရာတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

၉/၁၁ တိုက်ခိုက်ခံရမှုမှာ လူပေါင်း ၃၀၀၀ နီးပါး သေဆုံးခဲ့တာကိုလည်း အမေရိကန်သမ္မတထရမ့်က ဂုဏ်ပြုပြောကြားလိုက်ပြီး တာလီဘန်တွေအပေါ် မမျှော်မှန်းနိုင်လောက်တဲ့ စစ်ရေးဆိုင်ရာ တိုက်ခိုက်မှုတွေလုပ်ဆောင်ဖို့လည်း ပြောကြားလိုက်ပါသေးတယ်။

**သတိပေးပြောကြား**

လွန်ခဲ့တဲ့လေးရက်လောက်က အမေရိကန်တပ်ဖွဲ့တွေဟာ သူတို့ရဲ့ ရန်သူတွေကို ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့တယ်။ နောက်လည်းပဲ ဆက်လက်တိုက်ခိုက်သွားမယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောပါတယ်။ ဘယ်လိုထိုးစစ်ဆင် တိုက်ခိုက်သွားမလဲဆိုတာတော့ အသေးစိတ်ရှင်းရှင်းလင်းလင်း မပြောပြနိုင်သေးပေမယ့် နောက်ပိုင်း ညွှန်ကြားသွားမယ်လို့ ပြောပါတယ်။ လွန်ခဲ့တဲ့ရက်တွေတုန်းက အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဗုံးမှန်သေဆုံးခဲ့တာကို လက်တုံ့ပြန်တဲ့အနေနဲ့ အာဖဂန်နဲ့ ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးမှုကို ပယ်ဖျက်လိုက်ပြီးနောက် သမ္မတထရမ့်က အခုလိုပြောလိုက်တာဖြစ်ပါတယ်။

ဒါ့အပြင် အမေရိကန်ကို နောက်တစ်ခါ တိုက်ခိုက်ဖို့ ကြိုတင်ကြံရွယ်နေသူတွေကိုလည်း သတိထားဖို့ ပြောကြားလိုက်ပါတယ်။ အဲဒီလိုသာ ထပ်မံတိုက်ခိုက်ခဲ့မယ်ဆိုရင် သူတို့ဘယ်ပဲပြေးပြေး မိမိတို့က ထက်ကြပ်မကွာလိုက်ပြီး အမေရိကန်ဟာ အရင်ကအသုံးမပြုခဲ့တဲ့စွမ်းအင်တွေနဲ့ သူတို့ကိုတိုက်ခိုက်သွားမှာ ဖြစ်တယ်လို့လည်း အမေရိကန်သမ္မတထရမ့်က ပြောကြားခဲ့ပါတယ်။

တိုက်ခိုက်မှုတွေလုပ်ဆောင်နေတဲ့ အယ်လ်ကိုင်ဒါ အကြမ်းဖက်သမားတွေဟာ အမေရိကန်၊ ဥရောပ၊ အစ္စရေးနဲ့ ရုရှားနိုင်ငံတွေမှာ အကြမ်းဖက်မှုတွေ လုပ်မယ်ဆိုတဲ့ ရုပ်သံဖိုင်ထွက်ပေါ်လာပြီးနောက်မှာ အမေရိကန်အနေနဲ့ အခုလိုသတိပေးပြောကြားထားတာလည်း ဖြစ်ပါတယ်။

**အခမ်းအနားကျင်းပ**

စက်တင်ဘာ ၇ ရက်က အမေရိကန်သမ္မတထရမ့်ဟာ လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ အာဖဂန်မှာရှိတဲ့ တာလီဘန်ခေါင်းဆောင်တွေနဲ့တွေ့မယ်လို့ ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်ဟာ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု (၁၈) နှစ်မြောက် နှစ်ပတ်လည်နဲ့ နီးလာတဲ့အခါမှာတော့ တချို့လူတွေကို စိတ်ဆိုးစေခဲ့ပါတယ်။

၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုမှာသေဆုံးသွားသူတွေရဲ့ဆွေမျိုးတွေ၊ အသက်ရှင်ကျန်ရစ်သူတွေ၊ ရဲအရာရှိတွေ၊ မီးသတ်သမားတွေနဲ့ ရပ်ဖိရပ်ဖတွေဟာ (၁၈)နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်တဲ့ စက်တင်ဘာ ၁၁ ရက်က ဂရောင်းဇီးရိုးမှာ ဝမ်းနည်းကြေကွဲ အောက်မေ့ဖွယ်အခမ်းအနားတစ်ရပ် ကျင်းပခဲ့ပါတယ်။ ဂရောင်းဇီးရိုးဟာ ပြန်ပေးဆွဲခံရတဲ့ ခရီးသည်လေယာဉ်နှစ်စင်းနဲ့ ဝင်တိုက်ခံရပြီး ပြိုကျခဲ့တဲ့ နယူးယောက်မြို့ ကမ္ဘာ့ကုန်သွယ်ရေးစင်တာရဲ့ မြေအောက်ထပ်ဖြစ်ပါတယ်။

**အမေရိကန်သူရဲကောင်းများ**

အခမ်းအနား တက်ရောက်လာသူတွေဟာ တောင်နဲ့မြောက် မျှော်စင်ညီနောင်ကို လေယာဉ်ဝင်ရောက်တိုက်ခိုက်တဲ့အချိန်ဖြစ်တဲ့ နံနက် ၈ နာရီ ၄၆ မိနစ်မှ ၉ နာရီ ၃ မိနစ်အထိ ငြိမ်သက်တိတ်ဆိတ်နေခဲ့ပါတယ်။

နှစ်စဉ်နှစ်တိုင်းပြုလုပ်ခဲ့တဲ့ ပုံစံအတိုင်း ဆွေမျိုးတွေဟာ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုမှာ ကျဆုံးခဲ့သူတွေရဲ့ အမည်စာရင်းတွေကို ဖတ်ကြားခဲ့ပြီး တစ်ဦးချင်းစီရဲ့အမှတ်တရလေးတွေကို အောက်မေ့ဖွယ်ပြန်ပြောနေတာဟာ လေးနာရီလောက်တောင် ကြာခဲ့ပါတယ်။ ဒီမြင်ကွင်းဟာ မြင်ရတဲ့သူအပေါင်းကို စိတ်မကောင်းဖြစ်မိစေပါတယ်။

"ငါတို့မင်းကိုချစ်တယ်။ မင်းကိုသတိရတယ်။ မင်းဟာ အမေရိကန်ရဲ့ ထာဝရသူရဲကောင်းကြီးပါပဲ"လို့ အမျိုးသမီးကြီးတစ်ယောက်ရဲ့ ကြေကွဲဆို့နင့်ဖွယ်အသံ ထွက်ပေါ်လာခဲ့ပါတယ်။ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုမှာ သူဟာ သူ့ရဲ့အစ်ကိုနဲ့ ဆွေမျိုးတွေကို ဆုံးရှုံးခဲ့ရပါတယ်။ အခုလို ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုမှာ သေဆုံးခဲ့သူတွေကို လာရောက်ဂါရဝပြုတဲ့သူတွေလည်း အများအပြားပါပဲ။

၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုမှာ ကျဆုံးခဲ့သူတွေရဲ့ဆွေမျိုးတွေနဲ့ အသက်ရှင်ကျန်ရစ်သူတွေဟာ တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်အားပေးမှုတွေ ပြုလုပ်နေကြတာဟာ မြင်ရသူ ဝမ်းနည်းဖွယ် မြင်ကွင်းပါပဲ။ တချို့ကလည်း သေဆုံးသူတွေရဲ့ပုံတွေပါတဲ့ လက်ကိုင်ဆိုင်းဘုတ်လေးတွေကို စိတ်မကောင်းစွာဖြင့် ကိုင်ထားကြပါတယ်။ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် သူတို့ဟာ အမေရိကန်ရဲ့ သူရဲကောင်းတွေပါပဲ။

**ဆိုးကျိုးတွေခံစားနေရ**

၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရခြင်း (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး အန်ဒရူးကိုမို၊ မြို့တော်ဝန် ဘီလ်ဒယ်လ်ဘလာစီရိုနဲ့ မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွန်းဘာ့ဂ်နဲ့ ရူဒီဂူလီယာနီတို့လည်း တက်ရောက်ခဲ့ကြပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ သမ္မတကတော် မယ်လနီယာထရမ့်တို့လည်း ၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရခြင်း (၁၈) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်လာတဲ့သူတွေကို အိမ်ဖြူတော်မှာ ကြိုဆိုခဲ့ပါတယ်။ ထို့အတူ သမ္မတထရမ့် ပင်တဂွန်မှာ မိန့်ခွန်းမပြောကြားခင် အခမ်းအနား တက်ရောက်လာသူတွေက ခဏတာ တိတ်ဆိတ်နေခဲ့ပါတယ်။

အယ်လ်ကိုင်ဒါတွေဟာ လေယာဉ်လေးစင်းကို ပြန်ပေးဆွဲခဲ့ကာ တတိယပြန်ပေးဆွဲခံရတဲ့ လေယာဉ်နဲ့ ပင်တဂွန်ကို တိုက်ခိုက်ခဲ့ပြီး စတုတ္ထမြောက် ပြန်ပေးဆွဲခံရတဲ့လေယာဉ်ကတော့ ပင်ဆယ်ဗေးနီးယားပြည်နယ် ရှန့်ဗီလီကွင်းထဲမှာ ပျက်ကျခဲ့ပါတယ်။

၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရမှုမှာ သေဆုံးခဲ့တဲ့လူတွေအပြင် အဲဒီကထွက်လာတဲ့ အခိုးအငွေ့တွေကို ရှူမိတဲ့သူတွေပါ အခုအချိန်ထိ ဆိုးကျိုးတွေကို ခံစားနေရလျက်ရှိပါတယ်။

**ကတိပြုခဲ့ပြီ**

လတ်တလော အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀၀ ကျန်ရှိနေပြီး ၂၀၁၀ ပြည့်နှစ်မှာတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေ ၁၀၀၀၀၀ အထိ မြင့်တက်ခဲ့ပါတယ်။ အလားတူ အာဖဂန်နစ္စတန်မှာ အမေရိကန်တပ်ဖွဲ့ဝင် ၂၄၀၀ လောက် သေဆုံးခဲ့ပါတယ်။

အခုအခါမှာတော့ အမေရိကန်သမ္မတထရမ့်ဟာ အာဖဂန်စစ်ပွဲကို အဆုံးသတ်ပြီး ကျန်ရှိနေတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အမိမြေပြန်ခေါ်ဖို့ ကတိပြုခဲ့ပြီဖြစ်ပါတယ်။ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်ခံရခြင်း (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ဟာ ဘာကိုအမှတ်ရစေသလဲဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးမပြုသလို၊ အကြမ်းဖက်လုပ်တဲ့သူတွေအတွက်လည်း ပြေးစရာမြေမရှိဘူးဆိုတာကို ပြသနေသလိုပါပဲ။ ။

**ကိုးကား-အေအက်ဖ်ပီ**



နယူးယောက်မြို့ရှိ ပထမကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ တိုက်ခိုက်ခံရပုံ။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၉-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ | ကျပ် | ၉၁၅/၉၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၂၅ | ကျပ် | ၉၃၀/၉၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၂၀ | ကျပ် | ၈၄၅/၈၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၁၀ | ကျပ် | ၉၄၅/၉၆၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၀ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၇ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၄ ・ ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၅ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၇ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၂ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ ・ ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၅၁၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ ・ ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ ・ ၁၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂ | ၇၄၄၀၀၀ |
| MTSH | ၄၄၀၀ | ၄၄၀၀ | ၃၇၇၅၆ | ၁၆၆၁၂၆၄၀၀ |
| MCB | - | - | - | - |
| FPB | ၂၅၅၀၀ | ၂၆၀၀၀ | ၄၂၁ | ၁၀၇၃၆၅၀၀ |
| TMH | ၃၀၀၀ | ၃၁၀၀ | ၇၆၇ | ၂၃၃၉၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
သေရည်သေရက် လူကို ဖျက်၏..လို့ စာအုပ်ထဲမှာ ဖတ်ဖူးလိုက်တယ်...
သေရည်သေရက်ဆိုတာဘာကိုခေါ်တာလဲ..
အဲ့ဒါတော့ ငါ မသိဘူးဟ...
မသိရင်မှတ်ထား.. သေရည်သေရက်ဆိုတာ...
ဘိန်း၊ ကင်း၊ ကဆော်၊ ပျော်ဆေး အရက်..စတဲ့ မူးယစ်စေတတ်တဲ့ ဟာတွေကိုခေါ်တယ်ကွယ့်..
အရက်လည်းပါတယ်နော်..
အရက်ကိုစွဲစွဲလမ်းလမ်းသောက်စားမူးယစ်တဲ့သူတွေရဲ့ဘဝကို အရက်က ဖျက်ဆီးပစ်ရုံမက လူ့အသက်ကိုပါ သေစေနိုင်တယ်ကွ
ကြော်..ဒါကြောင့် သေရည်သေရက် လူကိုဖျက်၏လို့ဆိုထားတာကိုး
သိပ်မှန်တာပေါ့ကွာ...
အဲ့..ဟိုမှာ..ဦးပုလုံး တော့ သေရည်သေရက်တွေသောက်လာပြီဟေ့
သူ့ဘဝကိုဖျက်ဆီးပြီး သူ့အသက်ကိုသေအောင်အလုပ်ခံရတော့မှာပဲနော်..
ဘာပြောတယ်... အရက်ဖိုးမရှိလို့စိတ်ညစ်နေရတဲ့အထဲ.... ငါ.....နော်...


CARTOON: ပေါ်ကာ
တောက်တောက်
မေမေ ဝယ်ပေးတဲ့ ဝတ်စုံနဲ့ စူပါမင်း ဖြစ်ပြီကွ
ကမ္ဘာကြီးကိုကယ်တင်မယ် ဟေ့
အောင်မယ်လေး ကြွက်ကြီးဗျ
ကမ္ဘာကြီးကိုကယ်တင်မဲ့ မေမေ့သားက ကြွက်အရုပ်ကို ကြောက်တယ်ဟုတ်လား
ဟီး ဟီး လန့်လိုက်တာ
ဖြိုး


သက်စ
ဇော်နီ
♫ပထမအရွယ်မှာ ပညာရှာရမည်♪
ဒုတိယအရွယ် ဥစ္စာရှာရမည်♪
ဘယ်ဥစ္စာရှာရမှာလဲ၊
အလုပ်လုပ်ရမယ်လေ၊ စီးပွားရေးလုပ်ပြီး ပိုက်ဆံရှာ စုဆောင်းရမယ်လို့ပြောတာ၊
ဟုတ်ပြီ ဟုတ်ပြီ၊
တတိယအရွယ်ဆိုရင်ကော၊၊
ဘယ်လိုရှာမှာလဲ၊
တရားရှာရမယ်၊
ဒါန၊ သီလ၊ ဘာဝနာ လုပ်ရမယ်လို့ ဘွားဘွားတို့ပြောတာ ကြားဖူးတာပဲ၊ လှူဒါန်း ပေးကမ်းရမယ်၊၊
ကောင်းတဲ့အမူကျင့်တွေ စောင့်ထိန်းမယ်၊ မကောင်းတဲ့ စိတ်တွေ မဝင်အောင်သတိရှိမယ် အဲဒီလိုလုပ်ရင် ကုသိုလ်အကျိုးတွေ ရမယ်၊၊ ဒါနဲ့၊၊
တတိယအရွယ်ထိငါတို့အသက်ရှည်ပါ့မလား၊ တော်ကြာ ကုသိုလ်မရဘဲ နေဦးမယ်၊ အခုပဲ လုပ်ထားကြရို၊၊
ဖြိုး




ဖိုးသာထူး
ဟောဒီက.. သကြားမုန့်ဖက်ထုပ်
သကြားမုန့်ဖက်ထုပ် လာပါပြီးဗျို့....
ဟောဒီက ထောပတ်ဘိန်းမုန့် ပူပူလေး ရမယ်ဗျို့ ...
ထောပတ်ဘိန်းမုန့် ပူပူလေး လာပါပြီး
မုန့်ကြာစိ..သာကူ
လာပါပြီး
ရွှေရင်အေး..မုန့်လက်ဆောင်း
လာပါပြီး..ဗျို့
ဟောဒီက..
လာပါပြီး...
သို့နှင့်
ဤအိမ်အနီးတစ်ဝိုက် ဈေးရောင်းခြင်း သည်းမခံပါ။



# သိမှတ်စရာအဖြာဖြာ (General Knowledge)

**ကလေးတို့ကြီးပြင်းလာတာနဲ့အတူ တွေ့ဆုံကြရမယ့် စက်ရုပ်တွေ(အပိုင်း-၂)**

ဧေ - ဂျူဝယ်လ်

## ကီရိုဘိုလေး စိတ်အလှုပ်ရှားဆုံးက လူတွေနဲ့ စကားပြောဖို့ လေ့ကျင့်ရချိန်ပါ

၂၀၁၃ ခုနှစ် ဩဂုတ် ၄ ရက် နံနက် ၄ နာရီကတည်းက ဂျပန်မြေပေါ်မှာလူတွေ စုစုဝေးဝေးရှိနေကြပါတယ်။ သူတို့လက်ထဲမှာတော့ ကီရိုဘိုကိုချစ်တယ်ဆိုတဲ့ စာတန်းလေးတွေကို ကိုင်ထားကြတယ်။ ဝေလီဝေလင်းအချိန် မီးတောက်တွေကြားထဲက အာကာသဒုံးပျံယာဉ် ကွန်နိုတိုရီ ၄ ဟာ ကောင်းကင်ပေါ်ကို တက်သွားတဲ့အချိန်မှာပဲ ကလေးတွေအများကြီးပါတဲ့ လူအုပ်ကြီးဟာ "ကီရိုဘိုလေးကိုချစ်တယ်၊ ကံကောင်းပါစေ



ကလေးလေး"ဆိုပြီး သောင်းသောင်းဖြဖြ အော်ဟစ်အားပေးလိုက်ကြပါတယ်။ ကီရိုဘိုဆိုတာ အာကာသမှာ တာဝန်ထမ်းဆောင်ရမယ့် ပထမဆုံးသော စကားပြောတဲ့ စက်ရုပ်လေးရဲ့ နာမည်ဖြစ်ပါတယ်။ အားလုံးက သူ့ကိုချစ်ခင်ပြီး အားပေးတယ်ဆိုတာကို ကောင်းကောင်းသိတဲ့ ကီရိုဘိုလေးဟာ နိုင်ငံတကာအာကာသစခန်း ISS မှာ တာဝန်တွေ ထမ်းဆောင်နေတာဖြစ်ပါတယ်။

အာကာသ သူရဲကောင်းလေး ကီရိုဘိုဟာ နိုင်ငံတကာအာကာသစခန်းမှာ ဂျပန်အာကာသယာဉ်မှူး ကိုအိချိဝါကာတာနဲ့အတူ တာဝန်ထမ်းဆောင်ခဲ့ပြီး အပြန်အလှန်စကားပြောဖော်ဖြစ်နေတာကို တစ်ကမ္ဘာလုံးက အားပေးခဲ့ကြပါတယ်။ "မင်းဘဝရဲ့ စိတ်လှုပ်ရှားဆုံးအချိန်ကဘာလဲကွ"လို့ ဝါကာတာက မေးတဲ့အခါ ကီရိုဘိုစက်ရုပ်ကလေးက "ကျွန်တော့်ဘဝရဲ့ စိတ်လှုပ်ရှားဆုံးက လူတွေနဲ့ စကားပြောတဲ့အချိန်" လို့ ဖြေခဲ့ပြီး မြေကမ္ဘာမှာတုန်းက ခက်ခက်ခဲခဲနဲ့လေ့ကျင့်မှုတွေကို လုပ်ခဲ့ရတဲ့အကြောင်း စက်ရုပ်လေးက ရင်ဖွင့်ခဲ့ပါသေးတယ်။ သူဟာ တစ်ဖက်သားရဲ့ မေးခွန်းတွေကို မှန်မှန်ကန်ကန် တုံ့ပြန်ခဲ့ပြီး သူ့ကိုပထမဆုံးသော အာကာသမှာ စကားပြောတဲ့ စက်ရုပ်လေးလို့ ပြောတဲ့အခါ ချစ်စဖွယ်ရယ်မောလိုက်ပါသေးတယ်။ ပြီးတော့မှ "ကျွန်တော်ကအခုမှ အစရှိပါသေးတယ်။ အကောင်းဆုံးတွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်လာမယ့် စက်ရုပ်အမျိုးအစားလေးပေါ့"လို့ ဖြေပါတယ်။



ကီရိုဘိုစက်ရုပ်လေးကို တိုကျိုတက္ကသိုလ်နဲ့ သုတေသနလုပ်ငန်းတစ်ခုတို့ ပူးပေါင်းပြီး ဖန်တီးထားတာဖြစ်ပါတယ်။ သူကအာကာသထဲမှာ တာဝန်ထမ်းဆောင်ပြီး သူ့လိုပဲ အလားတူစက်ရုပ်လေး မီရာတာကတော့ မြေပြင်ကနေ အရံစက်ရုပ်အဖြစ် နေရပါတယ်။ ဂျပန်ဘာသာအရ "မျှော်လင့်ခြင်း" ဆိုတဲ့ အမည်နာမနဲ့ ကီရိုဘိုစက်ရုပ်လေးဟာ ၁၃ လက်မလောက်ပဲ အရပ်ရှည်ပါတယ်။ အလေးချိန်ကတော့ ၁ ကီလိုဂရမ်သာရှိပြီး ဂျပန်စက်ရုပ်လေးမို့ ဂျပန်ဘာသာနဲ့ စကားပြောတာပေါ့။



လူတွေကို ကောင်းကောင်း ဆက်သွယ်တတ်ပြီး ဗီဒီယိုမှတ်တမ်းတွေကိုလည်း သိမ်းဆည်းနိုင်ပါတယ်။ အသံစနစ်နဲ့ မှတ်ဉာဏ်စွမ်းအားကလည်း အဆင့်မြင့်နည်းပညာပေ့ါ။ သူ့ရဲ့ထူးခြားတဲ့ ဒီဇိုင်းကတော့ ဆွဲငင်အားမရှိတဲ့ အာကာသမှာ နေနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကလည်း စက်ရုပ်တွေဟာ လူတွေနဲ့ချိတ်ဆက်နိုင်ပြီး ပိုမိုကောင်းမွန်တဲ့ ဆက်သွယ်မှုတွေဖြစ်လာနိုင်ဖို့ တီထွင်သူတွေက မျှော်လင့်ကြတာပေ့ါ။ ကီရိုဘိုလေးဟာ အာကာသထဲမှာ ၁၈ လနေထိုင်ခဲ့ပြီး ကမ္ဘာမြေကြီးနဲ့ ပတ်သက်တဲ့မှတ်တမ်းတွေကို ရယူစုဆောင်းပေးခဲ့ပါတယ်။

အခုနောက်ပိုင်းမှာ ကီရိုဘိုလေးကို လူတွေက စိတ်ဝင်စားချစ်ခင်ကြတဲ့အတွက် တိုယိုတာအမှတ်တံဆိပ် မီနီကီရိုဘိုဆိုတဲ့ စက်ရုပ်လေးတွေတောင် ထွက်ပေါ်လာခဲ့ပါပြီ။ သူတို့လေးတွေဟာ ကိုယ့်ရဲ့အရင်းနှီးဆုံး သူငယ်ချင်းအဖြစ် အချိန်ပြည့်ရှိနေကြပြီး ကားမြန်မြန်မောင်းမိတဲ့အခါ သတိပေးတာတို့၊ ကလေးတို့နဲ့အတူ ဆော့ကစားပေးတာတို့တွေကိုလည်း လုပ်ဆောင်ပေးတတ်ကြပါသေးတယ်။ ကလေးတို့ရော ကီရိုဘိုမီနီစက်ရုပ်လေးတွေကို မပိုင်ဆိုင်ချင်ကြဘူးလား။ ။

# လောကဝတ် (Etiquette)

မမမေ

## မွေးနေ့ပွဲကိုသွားတဲ့အခါ

ကလေးတို့သူငယ်ချင်းတွေရဲ့ မွေးနေ့ပွဲကို မကြာခဏသွားဖူးကြမှာပေ့ါ။ ကိတ်မုန့်တွေခွဲကြ၊ မုန့်တွေစားကြနဲ့ မွေးနေ့ပွဲသွားရတာ သိပ်ကိုပျော်စရာကောင်းမှာပဲ။ မွေးနေ့ပွဲတွေကို သွားတဲ့အခါ ကလေးတို့သတိထားသင့်တဲ့ ယဉ်ကျေးလိမ္မာတဲ့ အပြုအမူကောင်းလေးတွေ ရှိပါတယ်။ သတိထားပြီး လိုက်နာကြမယ်ဆိုရင်တော့ ကလေးတို့ဟာ ချစ်စရာကောင်းတဲ့အပြင် လိမ္မာလိုက်တာ၊ တော်လိုက်တာလို့ ချီးကျူးခံရမှာ သေချာတာပေ့ါ။ အဲဒီအချက်တွေရဲ့ပထမဆုံးကတော့ ကလေးတို့ဟာ မွေးနေ့လုပ်တဲ့အိမ်မှာ ဘယ်အရာကိုမှ မွေးနေ့ရှင်သူငယ်ချင်း ဒါမှမဟုတ် သူ့မေမေတို့ ခွင့်မပြုဘဲ မထိမကိုင်မိဖို့လိုပါတယ်တဲ့။ နောက်တစ်ခုကတော့ မွေးနေ့မှာ ကျွေးမွေးတဲ့အစားအစာတွေနဲ့ပတ်သက်ပြီး မကောင်းပါဘူးတို့၊ ပေါ့တယ် ငန်တယ်တို့၊ မကြိုက်ဘူးတို့ဆိုတာမျိုးကိုလည်း မပြောမိစေဘဲ မကြိုက်ရင်တောင် နည်းနည်းလေးဖြစ်ဖြစ် ကျွေးမွေးတဲ့သူ စေတနာကို အသိအမှတ်ပြုတဲ့အနေလေးနဲ့ စားသင့်ပါတယ်တဲ့။ နောက်တစ်ချက်က မွေးနေ့ရှင်ကိုရော၊ မွေးနေ့ပွဲကိုရော လာတဲ့ သူငယ်ချင်းတွေကို မလှဘူးတို့၊ ဝတ်ထားတာ ရယ်စရာကောင်းတယ်တို့ ပြောတာ၊ လှောင်ပြောင်တာမျိုး လုံးဝမလုပ်သင့်ပါဘူး။ စတုတ္ထအချက်က မပြန်ခင်မှာ မွေးနေ့ရှင်ကိုရော သူ့မိဘတွေကိုပါ ကျေးဇူးတင်တဲ့အကြောင်း မပျက်မကွက်ပြောသင့်ပါတယ်တဲ့။ နောက်တစ်ချက်က သူတို့ရဲ့ အခန်းတံခါးတွေကို ဖြတ်ပြီး ဝင်ရတော့မယ့်အခါ တံခါးပိတ်ထားရင် ခေါက်ပြီး၊ အသိပေးပြီးမှ ဝင်ရပါမယ်တဲ့။ မဖြစ်မနေပြောသင့်တာကတော့ ဘာကူညီပေးရမလဲဆိုတာဖြစ်ပြီး လိုအပ်တဲ့အကူအညီရှိရင်လည်း ခပ်မြန်မြန်လေး ဝင်ကူပေးလိုက်ပါတဲ့။ ဖုန်းတွေ ပြောနေတာမျိုးလည်း မလုပ်ဘဲ မွေးနေ့ရှင်အတွက် မွေးနေ့သီချင်းဆိုတဲ့အခါ






မှာလည်း ခပ်ကျယ်ကျယ်လေးနဲ့ ပြုံးပြုံးရွှင်ရွှင် လက်ခုပ်တီးဆိုပေးလိုက်ခြင်းအားဖြင့် အခင်ဆုံး သူငယ်ချင်းတွေ အများကြီးရလာတော့မယ်ဆိုတာ သေချာပါတယ်တဲ့။ ဒါကြောင့် ကလေးတို့သူငယ်ချင်းတွေရဲ့ မွေးနေ့ပွဲကို ပျော်ပျော်ရွှင်ရွှင် ဖြတ်ကျော်သွားနိုင်ပါစေလို့ ဆုတောင်းပေးရင်း လောကဝတ်ကလေးတွေကို လေ့ကျင့်ကြည့်ကြရအောင်နော်။

## လေလည်တာကို အောင့်ထားမလား၊ လွှတ်လိုက်မလား

ကလေးတို့သူငယ်ချင်းတွေနဲ့ အတူတူရှိတဲ့အချိန် လေလည်(အီးအီးပေါက်) ချင်တာမျိုးဖြစ်ဖူးလား။ လေလည်တယ်ဆိုတာ ကျန်းမာရေးအတွက်တော့ တော်တော်လေးကောင်းတဲ့ကိစ္စဖြစ်ပေမယ့် အနံ့အသက်ဆိုးကတော့ သူများကို ထိခိုက်စေတာပေ့ါ။ ဒါကြောင့်မို့လို့ ထိန်းချုပ်ထားရင်လည်း အဆင်မပြေနိုင်ဘဲ ဗိုက်တွေ နာလာတာ၊ ဗိုက်အောင့်တာတွေ ဖြစ်လာတတ်တယ်။ ဒါဆိုရင် လူအများကြီးရှိတဲ့အချိန်မှာ လေလည်ချင်တဲ့ ကလေးလေးတွေ ဘယ်လိုလုပ်ကြရင်ကောင်းမလဲ။ နိုင်ငံအလိုက် လေလည်တာကို အကောင်းမြင်တတ်တာရှိသလို မကြိုက်ကြတာလည်းရှိပါတယ်။ လေလည်ရင် စတော်ဘယ်ရီနံ့လေးသင်းအောင် သောက်ရတဲ့ဆေးလည်း ပေါ်နေပြီတဲ့။ ကလေးတို့ကို အကြံပေးရရင် လေလည်ချင်တာနဲ့ လူအများကြီးနဲ့ နည်းနည်းလှမ်းတဲ့နေရာကို သွားလိုက်ပါတဲ့။ ခြေလှမ်းငါးလှမ်းစာလောက်ဆိုရင်တောင် လုံလောက်ပါတယ်တဲ့။ ဒါမှမဟုတ် လူအုပ်ထဲမှာဆိုရင် လေလည်ချင်ရင် အောင့်မထားဘဲ ခပ်မြန်မြန်လေး စွန့်ထုတ်လိုက်ပါတဲ့။ အားလုံးကိုတော့ အနံ့အသက်အတွက် တောင်းပန်တဲ့အကြောင်း အမူအရာနဲ့ဖြစ်ဖြစ်၊ ဖွင့်ပြောပြီးဖြစ်ဖြစ် လုပ်လိုက်ရင် အားလုံးကလည်း နားလည်ပေးကြမှာပါတဲ့။ တော်တော်ကြာ ဗိုက်အောင့်လာရင်သူတို့လည်း စိတ်ပူရသလို ကလေးတို့လည်း ခံစားရမှာပေ့ါ။ သူတို့ကိုပြောပြဖို့လည်း ရှိပါသေးတယ်။ လေလည်တဲ့ အနံ့အသက်ကနေ ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်တဲ့ အရာတွေရတယ်ဆိုပြီး သုတေသနတွေတောင် ရှိတဲ့အကြောင်းပေ့ါလေ။ ဒါကြောင့် သူများ လေလည်ရင်လည်း မရယ်မောမိစေပါနဲ့နော်။ ကိုယ့်ကိုလည်း စာနာသူတွေ ဒါမှပိုများလာမှာပေ့ါနော်။ ။






**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက ညောင်လွန့်၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ရဝေနိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၉/ပမန(နိုင်)၁၆၈၄၈၅ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက ညောင်လွန့်၊ တက္ကသိုလ်ဝင်တန်း (D) မှ မောင်ထက်မြတ်အောင်၏ဖခင်အမည်မှန်မှာ ဦးမောင်စိုး ၉/ရမသ(နိုင်)၁၁၉၉၂၇ ဖြစ်ပါကြောင်း။

**ဦးမောင်စိုး**

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက ညောင်လွန့်၊ တက္ကသိုလ်ဝင်တန်း (A) မှ မောင်အေးချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအနိုင် ၉/တကန(နိုင်)၁၂၇၂၂၁ ဖြစ်ပါကြောင်း။

**ဦးအနိုင်**

**တစ်ချက်တည်းကျင်းဝင်**

ဦးနန္ဒကျော်စွာထူး(စည်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း မြကန်သာတွင်း၌ ၂၃-၈-၂၀၁၉ရက်၊ ၁၇း၃၀နာရီ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၈)၌ ၁၆၉ကိုက်အကွာမှ Nike -1 ဘောလုံးကို Taylarmade M-2 No.6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးကျော်ညွန့်၊ ဦးမျိုးသူရဝင်း၊ ဦးထွေးလှိုင်သန်းတို့အတူ ကစားလျက်ရှိပါကြောင်း။

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထကညောင်လွန့်၊ အဌမတန်းမှ မယွန်းနဒီဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်နန်းဦး ၉/ရမသ(နိုင်)၁၀၄၈၀၄ ဖြစ်ပါကြောင်း။

**ဦးအောင်နန်းဦး**

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထက ညောင်လွန့်၊ တက္ကသိုလ်ဝင်တန်း (D) မှ မမျိုးသီရိ၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၉/တကန(နိုင်)၁၀၄၇၅၄ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**

**ဖခင်အမည်မှန်**

တပ်ကုန်းမြို့၊ အထကညောင်လွန့်၊ တက္ကသိုလ်ဝင်တန်း(D) မှ မသန္တာကျော်၏ ဖခင်အမည်မှန်မှာ ဦးလှသန်း ၉/ရမသ(နိုင်)၀၄၂၃၆၂ ဖြစ်ပါကြောင်း။

**ဦးလှသန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ GENIUS ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေမြတ်နှင်း၏ဖခင် ဦးရဲနိုင်နှင့် ဦးဝင်းနိုင် ၇/တငန(နိုင်)၀၄၉၆၂၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4M/3748 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဈေးဆိုင်ခန်းအမည်ပြောင်းလဲခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ ရွှေညောင်ဈေးဆိုင်ခန်းအမည်ပြောင်းလဲခွင့်အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းလဲခွင့်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၁၂၀၃၊ ၀၈၁-၂၁၂၂၇၄၁၊ ၀၈၁-၂၁၂၃၉၂၄ တို့သို့ ဆက်သွယ်စုံစမ်းကန့်ကွက်နိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

| စဉ် | ဈေးအမည် | ဈေးရုံ | ဆိုင်ခန်း | မူလဆိုင်ခန်းပိုင်ရှင်မှတ်ပုံတင်အမှတ် | လွှဲပြောင်းလက်ခံမည့်သူမှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| ၁ | ရွှေညောင်ဈေး | A | ၈ | ဦးတင်မောင် ၉/မမန(နိုင်)၀၇၇၆၁၁ | ဦးရဲနောင် ၁၃/တကန(နိုင်)၂၉၄၅၈၂ |
| ၂ | ရွှေညောင်ဈေး | A | ၁၀ | ဦးတင်မောင် ၉/မမန(နိုင်)၀၇၇၆၁၁ | ဦးရဲနောင် ၁၃/တကန(နိုင်)၂၉၄၅၈၂ |
| ၃ | ရွှေညောင်ဈေး | C | ၂၅ | ဦးမင်းမော် ၇/ဝမန(နိုင်)၀၅၂၂၈၉ | ဦးငွေနိုင် ၁၃/ကလန(နိုင်)၀၁၀၄၅၀ |
| ၄ | ရွှေညောင်ဈေး | C | ၂၆ | ဒေါ်ထွေးထွေးအောင် ၁၃/တကန(နိုင်)၁၇၀၂၁၂ | ဒေါ်နွယ်နွယ်ဝင်း ၁၃/တကန(နိုင်)၀၃၃၃၆၈ |
| ၅ | ရွှေညောင်ဈေး | D | ၁၅ | ဒေါ်ချို ၁၃/တကန(နိုင်)၀၃၉၀၅၄ | ဒေါ်သန်းသန်းအေး ၁၃/ညရန(နိုင်)၀၄၈၅၄၁ |
| ၆ | ရွှေညောင်ဈေး | D | ၁၇ | ဒေါ်ကြည်အေး ၁၃/တကန(နိုင်)၀၃၃၉၃၆ | ဒေါ်သန်းသန်းအေး ၁၃/ညရန(နိုင်)၀၄၈၅၄၁ |
| ၇ | ရွှေညောင်ဈေး | E | ၁၂ | ဒေါ်ချို ၁၃/တကန(နိုင်)၀၃၉၀၅၄ | ဦးထွန်းဝင်း ၁၃/တကန(နိုင်)၀၄၁၇၅၀ |
| ၈ | ရွှေညောင်ဈေး | E | ၁၄ | ဒေါ်လှဝေ ၁၃/တကန(နိုင်)၀၃၉၀၅၃ | ဦးထွန်းဝင်း ၁၃/တကန(နိုင်)၀၄၁၇၅၀ |
| ၉ | ရွှေညောင်ဈေး | E | ၁၆ | ဒေါ်စိုးစိုးထွေး ၁၃/တကန(နိုင်)၂၁၁၅၁၁ | ဒေါ်နုနု ၅/မရန(နိုင်)၁၇၂၄၉၆ |
| ၁၀ | ရွှေညောင်ဈေး | E | ၂၆ | ဒေါ်နန်းရွှေ ၁၃/တကန(နိုင်)၀၃၃၃၁၃ | ဒေါ်သန္တာလင်း ၁၃/တကန(နိုင်)၀၀၁၈၃၀ |
| ၁၁ | ရွှေညောင်ဈေး | E | ၂၈ | ဒေါ်နန်းရွှေ ၁၃/တကန(နိုင်)၀၃၃၃၁၃ | ဒေါ်သန္တာလင်း ၁၃/တကန(နိုင်)၀၀၁၈၃၀ |
| ၁၂ | ရွှေညောင်ဈေး | E | ၃၀ | ဒေါ်ချိုချိုမြင့် ၁၃/တကန(နိုင်)၀၃၉၅၂၅ | ဒေါ်သန်းသန်းအေး ၁၃/တကန(နိုင်)၀၃၃၀၀၄ |
| ၁၃ | ရွှေညောင်ဈေး | E | ၃၂ | ဒေါ်ချိုချိုမြင့် ၁၃/တကန(နိုင်)၀၃၉၅၂၅ | ဒေါ်သန်းသန်းအေး ၁၃/တကန(နိုင်)၀၃၃၀၀၄ |
| ၁၄ | ရွှေညောင်ဈေး | F | ၅ | ဒေါ်တင်ကြည် ၁၃/တကန(နိုင်)၀၃၉၁၁၁ | ဒေါ်စမ်းစမ်းတင့် ၁၃/တကန(နိုင်)၀၃၅၀၃၀ |
| ၁၅ | ရွှေညောင်ဈေး | F | ၆ | ဒေါ်လှလှ ၁၃/တကန(နိုင်)၀၃၈၃၅၆ | ဦးဝင်းရွှေ ၁၃/တကန(နိုင်)၀၃၃၃၇၁ |
| ၁၆ | ရွှေညောင်ဈေး | F | ၂၈ | ဒေါ်ဝင်းဝင်းကြည် ၁၃/တကန(နိုင်)၀၈၆၂၁၂ | ဒေါ်စိမ်းစန္ဒာထွေး ၁၃/တကန(နိုင်)၁၆၉၃၉၈ |
| ၁၇ | ရွှေညောင်ဈေး | F | ၂၉ | ဒေါ်ခင်သီတာထွန်း ၁၃/တကန(နိုင်)၀၀၁၅၂၀ | ဒေါ်သန်းသန်းအေး ၁၃/တကန(နိုင်)၀၃၃၀၀၄ |
| ၁၈ | ရွှေညောင်ဈေး | G | ၇ | ဦးလီဆဲလော့ ၁၃/ကခန(နိုင်)၀၂၂၃၄၃ | ဒေါ်ဂျိုးကျုလန် ၁၃/တကန(နိုင်)၀၃၄၂၄၄ |
| ၁၉ | ရွှေညောင်ဈေး | G | ၉ | ဦးလီဆဲလော့ ၁၃/ကခန(နိုင်)၀၂၂၃၄၃ | ဒေါ်ဂျိုးကျုလန် ၁၃/တကန(နိုင်)၀၃၄၂၄၄ |
| ၂၀ | ရွှေညောင်ဈေး | G | ၁၉ | ဒေါ်ငွေ ၁၃/ကလန(နိုင်)၀၃၀၄၅၄ | ဒေါ်မိုးမိုး ၁၃/တကန(နိုင်)၀၈၆၆၁၅ |
| ၂၁ | ရွှေညောင်ဈေး | G | ၃၁ | ဦးအောင်လွင် ၁၃/တကန(နိုင်)၀၃၆၈၁၂ | ဒေါ်မိုးအေး ၁၃/ညရန(နိုင်)၀၉၁၄၉၉ |
| ၂၂ | ရွှေညောင်ဈေး | G | ၃၂ | ဒေါ်ကျင်မြ ၁၃/တကန(နိုင်)၀၃၂၉၆၄ | ဒေါ်ခင်မျိုးသင်း ၁၃/တကန(နိုင်) ၁၉၆၈၀၂ |
| ၂၃ | ရွှေညောင်ဈေး | E | ၁၇ | ဦးခင်မောင် ၁၃/တကန(နိုင်)၀၃၉၈၁၁ | ဒေါ်တင်တင်ချို ၁၃/တကန(နိုင်)၁၄၈၂၅၉ |
| ၂၄ | ရွှေညောင်ဈေး | H | ၇ | ဒေါ်နွယ်နွယ်ဝင်း ၁၃/တကန(နိုင်)၀၃၃၃၆၈ | ဒေါ်ခင်မျိုးသင်း ၁၃/တကန(နိုင်)၁၉၆၈၀၂ |
| ၂၅ | ရွှေညောင်ဈေး | H | ၁၁ | ဒေါ်ညွန့်ညွန့် ၁၃/တကန(နိုင်)၁၇၀၀၀၀ | ဒေါ်ခင်မျိုးသင်း ၁၃/တကန(နိုင်)၁၉၆၈၀၂ |
| ၂၆ | ရွှေညောင်ဈေး | H | ၁၃ | ဒေါ်သန်းသန်းဦး ၁၃/တကန(နိုင်)၀၃၃၆၇၃ | ဦးတင်မြင့် ၁၃/တကန(နိုင်)၀၃၃၇၉၀ |
| ၂၇ | ရွှေညောင်ဈေး | H | ၁၄ | ဦးတင်ဝင်း ၁၃/တကန(နိုင်)၀၃၈၉၇၁ | ဒေါ်တင်တင်အေး ၁၃/တကန(နိုင်)၁၆၉၁၁၇ |
| ၂၈ | ရွှေညောင်ဈေး | H | ၁၅ | ဒေါ်သန်းသန်းဦး ၁၃/တကန(နိုင်)၀၃၃၆၇၃ | ဦးတင်မြင့် ၁၃/တကန(နိုင်)၀၃၃၇၉၀ |
| ၂၉ | ရွှေညောင်ဈေး | H | ၁၆ | ဒေါ်ခင်လှဝင်း ၁၃/တကန(နိုင်)၂၀၉၈၅၇ | ဒေါ်တင်တင်အေး ၁၃/တကန(နိုင်)၁၆၉၁၁၇ |
| ၃၀ | ရွှေညောင်ဈေး | F | ၁၈ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဦးနက်တူး ၁၃/တကန(နိုင်)၀၃၄၁၆၁ |
| ၃၁ | ရွှေညောင်ဈေး | F | ၂၀ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဦးနက်တူး ၁၃/တကန(နိုင်)၀၃၄၁၆၁ |
| ၃၂ | ရွှေညောင်ဈေး | F | ၂၂ | ဒေါ်နန်းညွန့် ၁၃/တကန(နိုင်)၀၃၆၉၇၇ | ဦးနက်တူး ၁၃/တကန(နိုင်)၀၃၄၁၆၁ |
| ၃၃ | ရွှေညောင်ဈေး | B | ၂၂ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဒေါ်တင်တင်လှ ၁၃/တကန(နိုင်)၂၀၁၅၅၆ |
| ၃၄ | ရွှေညောင်ဈေး | I | ၁၀ | ဦးမောင်မောင်တင့် ၁၃/ကလန(နိုင်)၀၂၁၅၀၇ | ဒေါ်အေးအေးလှိုင် ၁၃/တကန(နိုင်)၀၃၅၀၂၆ |
| ၃၅ | ရွှေညောင်ဈေး | I | ၁၂ | ဒေါ်ချယ်ရီ ၁၃/တကန(နိုင်)၀၃၃၄၀၁ | ဒေါ်မြကေသီ ၁၃/တကန(နိုင်)၂၄၂၀၀၄ |
| ၃၆ | ရွှေညောင်ဈေး | I | ၁၃ | ဦးကျော်ဟိန်း (ကွယ်လွန်) | ဒေါ်တင်တင်အေး ၁၃/တကန(နိုင်)၁၆၉၁၁၇ |
| ၃၇ | ရွှေညောင်ဈေး | I | ၁၆ | ဦးမောင်မောင်တင့် ၁၃/ကလန(နိုင်)၀၂၁၅၀၇ | ဒေါ်မြကေသီ ၁၃/တကန(နိုင်)၂၄၂၀၀၄ |
| ၃၈ | ရွှေညောင်ဈေး | C | ၄၅ | ဦးအောင်ကြည် ၁၃/တကန(နိုင်)၀၃၇၄၂၈ | ဒေါ်လောက်ချွဲ ၁၃/တကန(နိုင်)၀၃၃၅၁၀ |
| ၃၉ | ရွှေညောင်ဈေး | C | ၄၇ | ဦးအောင်ကြည် ၁၃/တကန(နိုင်)၀၃၇၄၂၈ | ဒေါ်လောက်ချွဲ ၁၃/တကန(နိုင်)၀၃၃၅၁၀ |
| ၄၀ | ရွှေညောင်ဈေး | F | ၂၇ | ဒေါ်ရှီဆိုက်ချင် ၁၃/တကန(နိုင်)၀၃၃၃၂၅ | ဦးဝင်းတင် ၁၃/တကန(နိုင်)၀၃၄၁၆၅ |
| ၄၁ | ရွှေညောင်ဈေး | I | ၂၃ | ဒေါ်စိုးစိုးမော် ၁၃/တကန(နိုင်)၀၃၇၀၁၄ | ဦးဘတ္တာရာဇ် ၁၃/တကန(ပြု)၀၀၀၁၂၈ |
| ၄၂ | ရွှေညောင်ဈေး | J | ၁၁ | ဒေါ်မြတ်နန္ဒာ ၁၃/တကန(နိုင်)၀၁၄၉၆၃ | ဒေါ်ဆွေဆွေဝင်း ၁၃/တကန(နိုင်)၁၆၀၈၁၃ |
| ၄၃ | ရွှေညောင်ဈေး | J | ၂၄ | ဒေါ်ဖန်ကော့ဖုန် ၁၃/တကန(နိုင်)၀၃၃၃၂၈ | ဒေါ်ခင်စန်းတင့် ၅/မရန(နိုင်)၁၃၉၅၃၅ |
| ၄၄ | ရွှေညောင်ဈေး | J | ၂၆ | ဒေါ်ဖန်ကော့ဖုန် ၁၃/တကန(နိုင်)၀၃၃၃၂၈ | ဦးဝင်းတင် ၁၃/တကန(နိုင်)၀၃၄၁၆၅ |
| ၄၅ | ရွှေညောင်ဈေး | J | ၂၈ | ဒေါ်ဖြူထွေး ၁၃/တကန(နိုင်)၀၃၂၉၂၀ | ဦးငြိမ်းဦး ၉/သစန(နိုင်)၀၉၈၆၅၇ |
| ၄၆ | ရွှေညောင်ဈေး | K | ၉ | ဒေါ်စိုးစိုးမော် ၁၃/တကန(နိုင်)၀၄၁၇၃၇ | ဦးခင်မောင်မြင့် ၁၃/တကန(နိုင်)၀၃၄၁၆၃ |
| ၄၇ | ရွှေညောင်ဈေး | K | ၂၇ | ဦးမြင့်စိုး ၁၃/တကန(နိုင်)၀၃၃၉၀၉ | ဦးငြိမ်းဦး ၉/သစန(နိုင်)၀၉၈၆၅၇ |
| ၄၈ | ရွှေညောင်ဈေး | K | ၂၉ | ဒေါ်သိန်းကြည် ၁၃/တကန(နိုင်)၀၃၈၇၂၃ | ဦးငြိမ်းဦး ၉/သစန(နိုင်)၀၉၈၆၅၇ |
| ၄၉ | ရွှေညောင်ဈေး | K | ၃၁ | ဒေါ်သိန်းကြည် ၁၃/တကန(နိုင်)၀၃၈၇၂၃ | ဒေါ်သန်းတင် ၁၃/တကန(နိုင်)၀၃၆၇၇၈ |
| ၅၀ | ရွှေညောင်ဈေး | L | ၂ | ဦးထွန်းရွှေ ၁၃/တကန(နိုင်)၀၃၇၀၁၁ | ဒေါ်ခင်သန်းနွယ်စိုး ၁၃/တကန(နိုင်)၁၄၂၄၉၉ |
| ၅၁ | ရွှေညောင်ဈေး | L | ၄ | ဦးထွန်းရွှေ ၁၃/တကန(နိုင်)၀၃၇၀၁၁ | ဒေါ်ခင်သန်းနွယ်စိုး ၁၃/တကန(နိုင်)၁၄၂၄၉၉ |
| ၅၂ | ရွှေညောင်ဈေး | L | ၁၄ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဒေါ်သီတာလွင် ၁၃/တကန(နိုင်)၀၃၆၉၆၀ |
| ၅၃ | ရွှေညောင်ဈေး | L | ၁၆ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဦးနက်တူး ၁၃/တကန(နိုင်)၀၃၄၁၆၁ |
| ၅၄ | ရွှေညောင်ဈေး | M | ၂၈ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဦးဝင်းတင် ၁၃/တကန(နိုင်)၀၃၄၁၆၅ |
| ၅၅ | ရွှေညောင်ဈေး | M | ၃၀ | ဦးထွန်းမြင့် ၁၃/တကန(နိုင်)၀၃၆၉၇၆ | ဦးဝင်းတင် ၁၃/တကန(နိုင်)၀၃၄၁၆၅ |
| ၅၆ | ရွှေညောင်ဈေး | P | ၇ | ဦးတင်ဦး ၁၃/တကန(နိုင်)၀၃၆၅၇၆ | ဒေါ်ဒေဗီ ၉/ပဥလ(နိုင်)၀၁၈၀၅၈ |
| ၅၇ | ရွှေညောင်ဈေး | P | ၈ | ဦးဘတ္တရာဇာ ၁၃/တကန(ပြု)၀၀၀၁၂၈ | ဒေါ်ဒေဗီ ၉/ပဥလ(နိုင်)၀၁၈၀၅၈ |
| ၅၈ | ရွှေညောင်ဈေး | P | ၉ | ဒေါ်ညို ၁၃/တကန(နိုင်)၀၃၆၆၈၅ | ဒေါ်ချင်ဖင့်(ခ)ခင်သန်းဝင်း၁၃/တကန(နိုင်)၁၂၉၆၅၃ |
| ၅၉ | ရွှေညောင်ဈေး | P | ၁၀ | ဒေါ်ညို ၁၃/တကန(နိုင်)၀၃၆၆၈၅ | ဒေါ်ချင်ဖင့်(ခ)ခင်သန်းဝင်း၁၃/တကန(နိုင်)၁၂၉၆၅၃ |
| ၆၀ | ရွှေညောင်ဈေး | Q | ၇ | ဦးတင်သိန်း ၁၃/ညရန(နိုင်)၀၅၇၂၇၃ | ဦးဂျစ်(ပ်)လာလ် ၁၃/တကန(ဧည့်)၀၀၀၀၈၈ |
| ၆၁ | ရွှေညောင်ဈေး | Q | ၈ | ဦးတင်သိန်း ၁၃/ညရန(နိုင်)၀၅၇၂၇၃ | ဦးဂျစ်(ပ်)လာလ် ၁၃/တကန(ဧည့်)၀၀၀၀၈၈ |
| ၆၂ | ရွှေညောင်ဈေး | C | ၁၁ | ဒေါ်လှအုန်း ၁၃/တကန(နိုင်)၂၁၄၈၅၃ | ဦးရဲမင်းကျော် ၁၃/တကန(နိုင်)၂၄၃၃၈၀ |
| ၆၃ | ရွှေညောင်ဈေး | C | ၁၃ | ဒေါ်လှအုန်း ၁၃/တကန(နိုင်)၂၁၄၈၅၃ | ဦးရဲမင်းကျော် ၁၃/တကန(နိုင်)၂၄၃၃၈၀ |
| ၆၄ | ရွှေညောင်ဈေး | F | ၇ | ဒေါ်မေသန္တာစိုး ၁၃/တကန(နိုင်)၁၆၉၃၅၉ | ဦးထွန်းဝင်း ၁၃/တကန(နိုင်)၀၄၁၇၅၀ |
| ၆၅ | ရွှေညောင်ဈေး | I | ၁၁ | ဒေါ်ခင်အေးတင့် ၁၃/တကန(နိုင်)၀၀၁၆၅၀ | ဒေါ်တင်တင်အေး ၁၃/တကန(နိုင်)၁၆၉၁၁၇ |
| ၆၆ | ရွှေညောင်ဈေး | D | ၁၃ | ဒေါ်ချို ၁၃/တကန(နိုင်)၀၃၉၀၅၄ | ဦးကျော်လွင်ဦး ၁၃/နစန(နိုင်)၀၀၃၀၉၃ |
| ၆၇ | ရွှေညောင်ဈေး | D | ၉ | ဒေါ်နုနုကြိုင် NYHE-၀၄၅၈၅၈ | ဦးကျော်လွင်ဦး ၁၃/နစန(နိုင်)၀၀၃၀၉၃ |
| ၆၈ | ရွှေညောင်ဈေး | D | ၁၁ | ဒေါ်နုနုကြိုင် NYHE-၀၄၅၈၅၈ | ဦးကျော်လွင်ဦး ၁၃/နစန(နိုင်)၀၀၃၀၉၃ |
| ၆၉ | ရွှေညောင်ဈေး | D | ၂၄ | ဒေါ်ခင်မြိုင် ၁၃/တကန(နိုင်)၀၃၇၀၄၇ | ဦးပေရင်လီ ၁၃/တကန(နိုင်)၀၃၃၃၃၇ |
| ၇၀ | ရွှေညောင်ဈေး | D | ၂၆ | ဒေါ်ခင်မြိုင် ၁၃/တကန(နိုင်)၀၃၇၀၄၇ | ဒေါ်နှင်းနှင်းနိုင် ၁၃/လလန(နိုင်)၀၀၂၇၂၃ |

**ကန့်ကွက်နိုင်ပါကြောင်း**

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၅၀၂၉)၊ မြေဧရိယာ(၀.၀၈၂)ဧကရှိ ဦးဝင်းခက်(ဘ)ဦးသန်းညွန့် ၉/လဝန(နိုင်)၁၄၅၈၀၇ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်နန်းအေမွေခမ်း(ဘ)ဦးစိုင်းစိန်ညွန့် ၁၃/မဆတ(နိုင်)၀၅၄၃၅၅ မှမြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

နေပြည်တော် ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)ရှိ မြေကွက်အမှတ် (၂၄၀၁)၊ ဧရိယာ(၀.၀၈၂)ဧက ဦးလှဟူး အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်အေးစန္ဒာဘို ၁၂/တမန(နိုင်)၁၀၁၁၄၄နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးဆွဲပေးပါရန် အမည်ပေါက်သူဦးလှဟူးမှ ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြ၍လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် (DDP At Site) အရောက် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါ အမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါ ပိတ်ရက် |
|---|---|---|---|
| (က) | Tender No. 02/ EPGE/2019-2020 | ရဲနွယ်ဓာတ်အားပေးစက်ရုံအတွက် PLC, Sensor, Module များ၊ Protection Device များ ဝယ်ယူခြင်း (17 Items) | ၁၇-၁၀-၂၀၁၉ |
| (ခ) | Tender No.03/ EPGE/2019-2020 | ခပေါင်းဓာတ်အားပေးစက်ရုံ အတွက် F.C.B, Surge Arrester, 11 KV V.C.B, C.B, RTD Senor များနှင့် Carbon Brush များ ဝယ်ယူခြင်း (14 Items) | ၁၇-၁၀-၂၀၁၉ |
| (ဂ) | Tender No.04/ EPGE/2019-2020 | ခပေါင်းဓာတ်အားပေးစက်ရုံ အတွက် EXC 9000 Module များ၊ Module Card, CPU Card, LCU, PLC Card, Speed Device များဝယ်ယူခြင်း (15 Items) | ၁၇-၁၀-၂၀၁၉ |
| (ဃ) | Tender No.05/ EPGE/2019-2020 | ကျိုင်းတောင်းဓာတ်အားပေးစက်ရုံအတွက် Digital Generator Transformer Protection Device၊ 132 KV Line Protection Device များ၊ Vibration Monitoring System, CT Control Card နှင့် Sensor များဝယ်ယူခြင်း (16 Items) | ၁၇-၁၀-၂၀၁၉ |
| (င) | Tender No. 07/ EPGE/2019-2020 | ရွှေကျင်ဓာတ်အားပေးစက်ရုံ အတွက် Generator Transformer Protection Device, 11 kV Generator Circuit Breaker, Generator Current Transformer, LA နှင့် GCB များဝယ်ယူခြင်း (11 Items) | ၁၈-၁၀-၂၀၁၉ |
| (ဆ) | Tender No. 08/ EPGE/2019-2020 | နန်ချို၊ အထက်ပေါင်းလောင်းနှင့် ကွန်းချောင်းဓာတ်အားပေးစက်ရုံ တို့အတွက် 230 kV CT, GCB & SF6 Gas Circuit Breaker များဝယ်ယူခြင်း (4 Items) | ၁၈-၁၀-၂၀၁၉ |
| (ဇ) | Tender No. 09/ EPGE/2019-2020 | ဇောင်းတူဓာတ်အားပေးစက်ရုံ အတွက် Closing & Tripping Coil for 66 kV OCB, 11 kV CT များဝယ်ယူခြင်း (5 Items) | ၁၈-၁၀-၂၀၁၉ |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။
၃။ တင်ဒါပုံစံအား တစ်စောင်လျှင် ကျပ် (၁၀၀၀၀/-)တိတိဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပြီး အသေးစိတ်စာရင်းများအား ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm)တွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

